# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တပို့တွဲလပြည့်ကျော် (၄)ရက် ၊ တနင်္ဂနွေနေ့ ၊ (16-2-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၂၉၂)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို စေတီတော်ကြီးလုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေး၊ ရွှေစင်ရွှေပြားများကပ်လှူပူဇော်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့နယ်ရှိ သိင်္ဂုတ္တရကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်သည့်ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ

**စာမျက်နှာ ၂၀ ကော်လံ ၁**




ရတနာပုံ
၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး MSME လုပ်ငန်းများကိုအားပေး

အသေးစား၊ အလယ်စားနှင့် အလတ်စား(MSME) လုပ်ငန်းများသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသောလုပ်ငန်းဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ကာ စီးပွားရေးဦးမော့လာစေရန် ဦးစားပေးလုပ်ဆောင်သောလုပ်ငန်းများအနက် MSME လုပ်ငန်းများကိုလည်း အားပေးမြှင့်တင်လျက်ရှိသည်။

နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီလျက်ရှိသည့်အပြင် ပြည်သူလူထုအတွက် ထုတ်ကုန်များကို ဒေသအသီးသီးတွင်ရှိသည့် MSME လုပ်ငန်းများက ပိုမိုထုတ်လုပ်ပေးခြင်းဖြင့် နိုင်ငံ့ဝင်ငွေတိုးတက်လာမည်ဖြစ်သည်။ ထို့ကြောင့် အသေးစား၊ အလယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်တောင်ဘက် တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်ထိ ကျင်းပလျက်ရှိရာ ပြပွဲစတင်သည့်ရက်မှစ၍ နေ့စဉ် ကျောင်းသား၊ ကျောင်းသူများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ MSME လုပ်ငန်းရှင်များ တစ်ခဲနက်လာရောက်ကြပြီး အထူးစိတ်ပါဝင်စားစွာ ပါဝင်ဆင်နွှဲကြသည့်အတွက် ပြပွဲကို ဖေဖော်ဝါရီ ၁၅ ရက်၊ ၁၆ ရက် နှစ်ရက်တိုး၍ ကျင်းပသွားမည်ဖြစ်သည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏လုပ်ငန်းတိုးချဲ့ဆောင်ရွက်ခြင်း၊ စက်ပစ္စည်းဝယ်ယူခြင်းနှင့်ကုန်ကြမ်းဝယ်ယူခြင်းတို့အတွက် လိုအပ်သည့်ချေးငွေများကို မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ပုဂ္ဂလိကဘဏ် ၁၆ ခုတို့မှ ထုတ်ချေးပေးလျက်ရှိသဖြင့် ချေးငွေရယူလိုသူ MSME လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် MSME အေဂျင်စီများနှင့်ဆက်သွယ်၍ ချေးငွေများလျှောက်ထားနိုင်ပါသည်။

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ၏ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက်တွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် တပေါင်းကွင်း၌ ကျင်းပပြုလုပ်ရာ အသေးစား၊ အလယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်၍ ဆုများပေးအပ်ချီးမြှင့်သည်။

ထုတ်ကုန်ပြပွဲများတွင် ယှဉ်ပြိုင်သည့်အမျိုးအစားများအလိုက် ဆုအမျိုးအစား ခုနစ်ဆု၊ ဆုပေါင်း ၆၃ ဆု ချီးမြှင့်ပေးအပ်ခြင်းဖြစ်ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုကို လက်တွေ့ကျကျ ဆောင်ရွက်သည့်အနေဖြင့် Digital Trophy၊ ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုငွေသားဆု စုစုပေါင်းကျပ်သိန်း ၇၅၀ အား ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

MSME လုပ်ငန်းများသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်တွင်းထုတ်ကုန်အားပေးရေး၊ သွင်းကုန်အစားထိုးရေးနှင့် ပို့ကုန်ရရှိရေးဆိုသည့် ရည်ရွယ်ချက်သုံးချက်ဖြင့် MSME လုပ်ငန်း အားပေးမြှင့်တင်ရေးအစီအစဉ်များကို ချိတ်ဆက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်အစိုးရနှင့်အတူ သက်ဆိုင်ရာတာဝန်ရှိသူများ၊ MSME အေဂျင်စီများက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် MSME လုပ်ငန်းများပိုမိုအောင်မြင်အောင် အတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

## ဇလွန်မြို့နယ်တွင် ပဲလွမ်းဖြူများ အရောင်းအဝယ်ကောင်းမွန်နေ

**ဇလွန် ဖေဖော်ဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ်တွင် ပဲလွမ်းဖြူများ ဝယ်လိုအားကောင်းပြီးအရောင်းအဝယ် ကောင်းမွန်လာကြောင်း ဇလွန်မြို့နယ်မှ ပဲအမျိုးမျိုးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြတ်မြတ်က ပြောပြ၍ သိရသည်။

ဇလွန်မြို့နယ်တွင် ၂၀၂၅ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှစတင်ပြီး ယနေ့ထိ ပဲလွမ်းဖြူများဝယ်ယူမှု များပြားနေပြီး အရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်း၊ အဆိုပါ ပဲလွမ်းဖြူများ ဝယ်လိုအားကောင်းလာခြင်းသည် ဒေသထွက် ပဲလွမ်းဖြူများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားနေခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

"ဇလွန်မြို့နယ်က ထွက်ရှိတဲ့ ဒေသထွက်ကုန်ဖြစ်တဲ့ ပဲလွမ်းဖြူတွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်နဲ့ အခြားဒေသတွေကပါ အဝယ်လိုက်နေပါတယ်။ ဖေဖော်ဝါရီလ ပထမပတ်ကစပြီး အရောင်းအဝယ် တော်တော်လေး ကောင်းမွန်ခဲ့တာ ဖြစ်ပါတယ်။ ဒေသထွက် ပဲလွမ်းဖြူတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ဇလွန်မြို့နယ်က ထွက်ရှိတဲ့ ပဲလွမ်းဖြူတွေက မိုးသီးနှံတွေသိမ်းချိန်မှာ အထွက်များပါတယ်"ဟု ဇလွန်မြို့နယ်မှ ပဲအမျိုးမျိုး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြတ်မြတ်ကပြောပြ၍ သိရသည်။

ဇလွန်မြို့နယ်မှထွက်ရှိသည့် ပဲလွမ်းဖြူ ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၅၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ လယ်ယာထွက်ကုန် ရောင်းဝယ်ရေး လုပ်ငန်းရှင်များသည် ဒေသထွက် လယ်ယာထွက်ကုန်ပစ္စည်းများကို ရန်ကုန်ဈေးကွက်သို့ အဓိကထားတင်ပို့ရောင်းချလျက်ရှိသည့်အပြင် အခြားဒေသများသို့ပါ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဇလွန်မြို့နယ်မှ ပဲလွမ်းဖြူအပြင် မတ်ပဲ၊ ပဲတီစိမ်း၊ ပြောင်းနှင့် စပါး၊ ဆန်များကို ရောင်းချလျက်ရှိကြောင်း သိရသည်။

အဆိုပါဒေသမှ ထွက်ရှိသည့် ပဲလွမ်းဖြူများ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် လယ်ယာထွက်ကုန် ရောင်းဝယ်ရေး လုပ်ငန်းရှင်များ၊ ကုန်သည်များ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



## အင်းဝမြို့ဟောင်းရှိ အဆောက်အအုံများ ရှေးမူမပျက်ပြန်လည်ပြုပြင်ထိန်းသိမ်းနိုင်ရန် ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် အင်းဝမြို့ဟောင်းရှိ လောကသရဖူဘုရားကြီး၊ မဟာဇေယျပထ-မောင်အိုတံတားနှင့် အုတ်လမ်း၊ အင်းဝမြို့ဟောင်း ဒုတိယမြို့ရိုး(စည်တိုပုံမြို့ရိုး)ကျုံးတို့ကို ရှေးမူမပျက် ရေရှည်ပြုပြင်ထိန်းသိမ်းနိုင်ရေးနှင့် လေ့လာဆန်းစစ်သုံးသပ်နိုင်ရေး ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၄ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် သက်ဆိုင်ရာ ဌာနများမှ တိုင်းဦးစီးမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ အင်းဝမြို့ဟောင်းသို့ လာရောက်သည့် ခရီးစဉ်၌ လမ်းညွှန်မှာကြားချက်များအပေါ် လုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်ရန်၊ လောကသရဖူဘုရားကြီး၊ မဟာဇေယျပထ-မောင်အိုတံတားနှင့် အုတ်လမ်း၊ အင်းဝမြို့ဟောင်း ဒုတိယမြို့ရိုး(စည်တိုပုံမြို့ရိုး)ကျုံးတို့အား ရှေးမူမပျက်ရေရှည်ပြုပြင်ထိန်းသိမ်းနိုင်ရေးနှင့် လေ့လာဆန်းစစ်သုံးသပ်နိုင်ရေး ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဖြစ်ကြောင်း၊ ကဏ္ဍအလိုက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကဏ္ဍများခွဲ၍ ဖွဲ့စည်းတာဝန်ပေးထားပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် အဓိကကဏ္ဍတွင်ပါဝင်ပြီး လုပ်ငန်းများ မြန်ဆန်ပြည့်စုံ ပြီးမြောက်အောင်မြင်နိုင်ရေး ဆက်နွှယ်ဌာနများနှင့် ပေါင်းစပ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ အချက်အလက် မှန်ကန်တိကျစွာဖြင့် စနစ်တကျပြုစုကာ အချိန်နှင့်တစ်ပြေးညီ တင်ပြသွားရေးကို အလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဖွဲ့စည်းတာဝန်ပေးထားသည့်အဖွဲ့များမှ အဖွဲ့ခေါင်းဆောင်များဖြစ်သည့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ကဏ္ဍများအလိုက် ဆောင်ရွက်မည့် လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးပြီးနောက် ဌာနဆိုင်ရာတိုင်းဦးစီးမှူးများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မှုအစီအမံများ၊ ကြုံတွေ့နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးချက်များနှင့် ရှင်းလင်း တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးကျော်**

## မော်လိုက်မြို့နယ်တွင် မြေပဲကေ ၃၉၈၉ ကေ စိုက်ပျိုးပြီးစီး လျာထားကေပြည့်မီအောင် ဆောင်ရွက်လျက်ရှိ

**မော်လိုက် ဖေဖော်ဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် မြေပဲ ၃၉၈၉ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားကေပြည့်မီအောင် ဆောင်ရွက်လျက်ရှိကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၄၁၂၂ ကေ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၉၈၉ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မော်လိုက်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲ ၄၁၂၂ ကေစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၃၉၈၉ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှု အနေနဲ့ လျာထားကေ ပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်မြို့နယ်၌ မြေပဲစိုက်ပျိုးရာတွင် တစ်ကေလျှင် မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေသြဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ် နှစ်သိန်းကျော်ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ကေစိုက်ပျိုးပါက တင်းရေ ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးဆီဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှု စီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ် သောကြောင့် မြေပဲကို ပိုမိုတိုးချဲ့ စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်ထံမှ သိရသည်။ (၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ချမ်းမြသာစည်မြို့နယ်တွင် အများပြည်သူအသုံးပြုရန် လမ်းမြေလှူဒါန်းခြင်းနှင့် နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကျင်းပ



**မန္တလေး ဖေဖော်ဝါရီ ၁၅**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်တွင် အများပြည်သူ အသုံးပြုရန် မန္တလေး ရင်းနီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ လီမိတက်မှ လမ်းမြေလှူဒါန်းခြင်းနှင့်နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ လမ်း၇၀၊ ၁၀၁လမ်း(သိပ္ပံလမ်း)နှင့် ၁၀၁ လမ်း (Bလမ်း) ကြား၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မန္တလေးမြို့ အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံကောင်စစ်ဝန်ချုပ် Ms. Gao Ping နှင့် New Starlight Group of Companies မှ ဥက္ကဋ္ဌတို့က နိုင်လွန်ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ လမ်းတစ်လျှောက်ကြည့်ရှုကာ တက်ရောက် လာသူများကို ရင်းနီးစွာ နှုတ်ဆက်ခဲ့ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့၊ တာဝန်ရှိသူများက မှတ်တမ်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် အခမ်းအနားကို Mingalar City Commercial Complex တွင် အစီအစဉ်တိုင်း ဆက်လက် ကျင်းပခဲ့ကြောင်း၊ ယနေ့ကျင်းပသည့် အခမ်းအနားသည် New Starlight Group of Compaines ၏ ကုမ္ပဏီတစ်ခုဖြစ်သော မန္တလေးရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့လီမိတက်(MIDG)က ဖော်ဆောင်နေသည့်Mingalar City Commercial Complex စီမံကိန်းမှ အများပြည်သူ သွားလာရေးလွယ်ကူ အဆင်ပြေချောမွေ့စေရန်၊ မြို့ပြ အင်္ဂါရပ်နှင့်အညီလှပတင့်တယ်မှု ရှိစေရန်အတွက် CSR လုပ်ငန်း အဖြစ် ဆောင်ရွက်ခြင်းဖြစ်ပြီး အကျယ်ပေ ၃၀ နှင့်အရှည် ၅၇၄ ပေရှိ လမ်းမြေအားလှူဒါန်းခြင်း၊ အကျယ်ပေ ၄၀ နှင့် အရှည်ပေ ၆၂၀ ကို နိုင်လွန်ကတ္တရာခင်းခြင်း၊ လမ်းခင်းခြင်း ဆက်စပ်လုပ်ငန်း များနှင့် အလှသစ်ပင်ပန်းမန် စိုက်ပျိုးခြင်းလုပ်ငန်းများကို စုစုပေါင်း ငွေကျပ် ၃၉၉ ဒသမ ၄၁သန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းက နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၀)တွင် ပါဝင်တက်ရောက်ကြမည့် သင်တန်းသားများ၏ စုရပ်နေရာများသို့ သွားရောက်ကာ နှုတ်ဆက်အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။ **မျိုးကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အစ်ကိုဖြစ်သူ ဦးနေအောင်အား ရည်စူး၍ မန္တလေးမြို့ ၄၈ လမ်း၊ ၁၁၈ လမ်း မြရည်နန္ဒာရပ်ကွက်နေ ကျန်ရစ်သူမိသားစုတို့က ဆွမ်း၊ ဆေးပဒေသာ အတွက် ငွေကျပ် ၂၀၀၀၀၀လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးခင်မောင်က လက်ခံရယူစဉ်။

# ဇေယျာသီရိမြို့နယ် ထန်းတပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မအူတောကျေးရွာအုပ်စု ထန်းတပင်ကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ရန်ပုံငွေထုတ်ချေး ပေးရခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင် ကျေးရွာစီမံကိန်း တာဝန်ခံဝန်ထမ်းက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သိန်း ၄၈၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ထန်းတပင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ၊ အခြားလုပ်ငန်းလုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၄၈၀ ကို ထုတ်ချေးပေး ခဲ့ကြောင်း သိရသည်။

**နေဒ်လူး**

# ကျောက်ပန်းတောင်းမြို့နယ် ချောင်းဖျားကျေးရွာ၌ ရေရရှိရေးလုပ်ငန်း စစ်ဆေး

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ၁၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေး ဦးစီးဌာနက ချောင်းဖျားကျေးရွာ၌ ရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် များနှင့်အတူ ချောင်းဖျားကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

ချောင်းဖျားကျေးရွာ၌ အလျား ၁၀ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ၂၄ ပေရှိ ဂါလန် ၂၄၀၀ ဆံ့ ရေစင်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို VDP စီမံကိန်း ပံ့ပိုးငွေကျပ်သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁၁၀ ဒသမ ၃ သိန်း စုစုပေါင်း ငွေကျပ် ၂၆၀ ဒသမ ၃ သိန်းဖြင့် အဆိုပါဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်း များအားလုံး ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ဇင်မာ**

# အရာတော်မြို့နယ်တွင် စပါးကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၇၅ ဒသမ ၃၁ တင်း ထွက်ရှိ

**မုံရွာ ဖေဖော်ဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် စပါးကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၇၅ ဒသမ ၃၁ တင်းထွက်ရှိကြောင်း မုံရွာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် မိုးသီးနှံ စိုက်ပျိုးရာသီ၌ မိုးစပါး ၂၁၄၇၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောမိုးစပါးစိုက်ခင်းများကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလမှစတင်၍ ယနေ့ထိ ရိတ်သိမ်းခဲ့ရာ ၂၁၄၇၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၇၅ ဒသမ ၃၁ တင်း ထွက်ရှိကြောင်း သိရသည်။

"အရာတော်မြို့နယ်မှာ စပါး ၂၁၄၇၉ ကေထိစိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ မိုးစပါးစိုက်ခင်းတွေ လက်ရှိအချိန်မှာတော့ ရာနှုန်းပြည့်ရိတ်သိမ်းပြီး စီးပြီဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ မျိုးတွေဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် မိုးစပါး စိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်းလုပ်ငန်း များကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးသီးနှံကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမက ပြည်ပသို့ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်း တည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မား တိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက် စေရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီး ဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)



# လုပ်ငန်းငယ်များကြီးပွားတိုးတက်ရေး မဟာဗျူဟာများ

**အေးချမ်းဆု**

**❖စွန့်စားရသည်များ မည်သို့ပင်ရှိသည်ဖြစ်စေ လုပ်ငန်းငယ်လေးများမှာ လုပ်ငန်းကြီးများထက် ပြောင်းလွယ်ပြင်လွယ်သောအားသာချက်များစွာရှိသည်။ အရင်းအနှီးနည်းနည်းနှင့် အကျိုးအမြတ်သင့်တင့်အောင်ရရှိနိုင်စေရန်အတွက် ဆောင်ရွက်နိုင်ကြသည်။ လုပ်ငန်းငယ်လေးများကို ကြီးပွားတိုးတက်စေရန်အတွက် အခြေခံကျကျ မဟာဗျူဟာ လေးရပ်ချမှတ်ထားပြီး ဆောင်ရွက်နိုင်သည်။ လုပ်ငန်းငယ်တစ်ခုကို ဦးစီးဦးဆောင်ပြုနေရသည်ဆိုပါက သင်၏လုပ်ငန်းအပေါ် ချဉ်းကပ်ပုံနှင့် ဦးဆောင်မှုကိုလိုက်၍ ကွဲပြားခြားနားသည့်ရလဒ်နှင့် အောင်မြင်မှုများ ဖြစ်ပေါ်လာနိုင်သည်။ ❖**

စီးပွားရေးလုပ်ငန်းငယ်များသည် တည်ထောင်ရလွယ်ကူသကဲ့သို့ အိမ်စရိတ်ကို ဖာနိုင်သောလုပ်ငန်း၊ စီးပွားဖြစ်နိုင်သောလုပ်ငန်းဖြစ်သဖြင့် မြို့တစ်မြို့၏ မျက်နှာစာများကိုကြည့်လျှင် ဈေးဆိုင်များဖြင့်ပြည့်နှက်နေတတ်သည်မှာ အဆိုပါအကြောင်းကြောင့်ဟုဆိုလျှင်မှားနိုင်အံ့မထင်ပေ။ လုပ်ငန်းကြီးများထူထောင်ရန်အတွက် တစ်ဦးတစ်ယောက်နှင့်မဖြစ်နိုင်သကဲ့သို့ အရင်းအနှီးအနည်းငယ်နှင့်လည်း ထူထောင်ရန်မလွယ်ကူပေ။ ထို့ကြောင့် ထူထောင်ဖန်တီးရလွယ်ကူသည့် လုပ်ငန်းငယ်လေးများကို နေရာအနှံ့တွေ့နေရခြင်းဖြစ်သည်။ စီးပွားရေးလုပ်ငန်းငယ်လေးများ၏ ၅၀ ရာခိုင်နှုန်းခန့်မှာထူထောင်ပြီး ငါးနှစ်ကျော်ရှင်သန်ရန်မလွယ်ကူဟုသိရသည်။ ထို့ကြောင့် လုပ်ငန်းရှင်သန်ရုံသာမက ကြီးပွားတိုးတက်စေရန် လုပ်ကိုင်ရသည်က ပိုမိုခက်ခဲမည်သာဖြစ်သည်။ ထိုသို့ဆိုပါက လုပ်ငန်းငယ်များ ကြီးပွားတိုးတက်စေရန် အေအိုင်တွင် အောက်ပါအချက်ခုနစ်ချက်ကို တွေ့ရသည်။

- ထူးခြားသည့်စိတ်ကူးနှင့်စတင်ပါ၊
- ဈေးကွက်ကိုလေ့လာပါ၊
- ရည်မှန်းချက်ကို ရှင်းရှင်းလင်းလင်းသတ်မှတ်ပါ၊
- ငွေကြေးစီမံခန့်ခွဲမှုကို စနစ်တကျဆောင်ရွက်ပါ၊
- အရည်အသွေးကို အလေးထားပါ၊
- ဖောက်သည်များ၏ယုံကြည်မှုကိုရအောင်ယူပါ၊
- ကြော်ငြာနှင့် အွန်လိုင်းကို အသုံးပြုပါ၊
- အဆက်မပြတ်သင်ယူလေ့လာပါ။

လုပ်ငန်းငယ်လေးများကိုဦးစီး၍ကြီးပွားတိုးတက်စေရန်အတွက် အခွင့်အလမ်းများကို ဖမ်းဆုပ်နိုင်ရေးမှာ လွယ်မယောင်နှင့်ခက်သောပုစ္ဆာတစ်ခုဖြစ်သည်။ သို့ရာတွင် လုပ်ငန်းတစ်ခုဆောင်ရွက်သည်ဆိုပါက ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ စွန့်စားရမှုများက ရှိနေတတ်သည်။ ထိုသို့ စွန့်စားရသည်များ မည်သို့ပင်ရှိသည်ဖြစ်စေ လုပ်ငန်းငယ်လေးများမှာ လုပ်ငန်းကြီးများထက် ပြောင်းလွယ်ပြင်လွယ်သော အားသာချက်များစွာရှိသည်။ အရင်းအနှီးနည်းနည်းနှင့် အကျိုးအမြတ်သင့်တင့်အောင်ရရှိနိုင်စေရန်အတွက် ဆောင်ရွက်နိုင်ကြသည်။ လုပ်ငန်းငယ်လေးများကို ကြီးပွားတိုးတက်စေရန်အတွက် အခြေခံကျကျ မဟာဗျူဟာလေးရပ်ချမှတ်ထားပြီး ဆောင်ရွက်နိုင်သည်။ လုပ်ငန်းငယ်တစ်ခုကို ဦးစီးဦးဆောင်ပြုနေရသည်ဆိုပါက သင်၏လုပ်ငန်းအပေါ်ချဉ်းကပ်ပုံနှင့် ဦးဆောင်မှုကို လိုက်၍ကွဲပြားခြားနားသည့် ရလဒ်နှင့်အောင်မြင်မှုများ ဖြစ်ပေါ်လာနိုင်သည်။ ထို့ကြောင့် လုပ်ငန်းငယ်လေးများအတွက် ဦးစီးသူ၏ဦးဆောင်မှုသည် များစွာအရေးပါသည်ကို ဖော်ပြနေသည်။

လုပ်ငန်းငယ်လေးများဟုဆိုသော်လည်း လုပ်ငန်းငယ်လေးများဖြင့်သာ နိုင်ငံ၏ကုန်ထုတ်လုပ်မှုကို မြင့်မားစေနိုင်ကြောင်းလည်း တွေ့နိုင်သည်။ လုပ်ငန်းငယ်များ မြန်မြန်ဆန်ဆန်ကြီးပွားတိုးတက်လာစေရန်အတွက် မဟာဗျူဟာလေးခုဖြင့် ဆောင်ရွက်နိုင်သည်။

**လျင်မြန်သွက်လက်စွာဆောင်ရွက်ခြင်းမဟာဗျူဟာ**

လုပ်ငန်းငယ်လေးများ၏ အရည်အချင်းများမှာ အရှိန်အဟုန်ဖြင့် လှုပ်ရှားနိုင်ခြင်း၊ လျင်မြန်သွက်လက်စွာလုပ်ကိုင်နိုင်ခြင်း၊ ပြောင်းလွယ်ပြင်လွယ်ခြင်းတို့ဖြစ်သည်။ လုပ်ငန်းငယ်လေးများတွင် အမိန့်တစ်ခု၊ ညွှန်ကြားချက်တစ်ခုကို ထုတ်လိုက်သည်နှင့် မြန်မြန်ဆန်ဆန် လိုက်နာလုပ်ကိုင်နိုင်ကြသည်။ အကောင်အထည်ဖော်ရသည့် ဝန်ထမ်းနှင့်လုပ်သားများအနေဖြင့်လည်း ချမှတ်ပေးလိုက်သည့်အမိန့်၊ ဆုံးဖြတ်ချက်သည် ထင်သာမြင်သာဖြစ်ပြီး လိုက်လံအကောင်အထည်ဖော်ရသည်မှာ လွယ်ကူတတ်သည်။ လုပ်ငန်းကြီးများမှာမူ ဆုံးဖြတ်ချက်ချမှတ်သူနှင့် အကောင်အထည်ဖော်သူတို့ကြားတွင် အဆင့်ပေါင်းများစွာဖြတ်သန်းရသဖြင့် အကောင်အထည်ဖော်ရသူများသည် တစ်ခါတစ်ရံတွင် မည်သည့်ကိစ္စအတွက်လုပ်ငန်းကိုပြောင်းလဲရသည်ဟုမသိနားမလည်ဘဲ ဆောင်ရွက်နေရတတ်သည်။ ထို့ကြောင့် လုပ်ငန်းငယ်လေးများသည် ချမှတ်ထားသည့်လုပ်ငန်းများကို အခြေအနေနှင့် အမြတ်အစွန်းပေါ်မူတည်၍ ပြောင်းလဲမည်ဆိုပါကလည်း လျင်လျင်မြန်မြန် ပြောင်းလဲနိုင်ကြသည်ကို တွေ့နိုင်သည်။ ထို့ကြောင့် ဈေးကွက်၏လိုလားချက်နှင့်အညီ လျင်လျင်မြန်မြန် ပြောင်းလဲဆောင်ရွက်နိုင်သည့်အားသာချက်ကိုတွေ့နိုင်သည်။ ထိုအချက်ကို မဟာဗျူဟာတစ်ခုအဖြစ် အသုံးချနိုင်ရန်လိုအပ်သည်။ ဒဿနပညာရှင် ဆွန်ဇူး၏စစ်ထိုးခြင်းအနုပညာကို အမှီပြု၍ရေးသားကြသော စီးပွားရေးဆိုင်ရာစာအုပ်များတွင် လျင်မြန်စွာလှုပ်ရှားနိုင်ခြင်း၊ ဈေးကွက်အတွင်း လျင်မြန်စွာလှုပ်ရှားဆောင်ရွက်နိုင်ခြင်း စီးပွားရေးလုပ်ငန်းပြိုင်ဘက်များထက် လျင်မြန်စွာပြောင်းလဲနိုင်ခြင်းတို့သည် အရေးကြီးသောမဟာဗျူဟာဖြစ်သည်ဟု ဖော်ပြထားသည်။ ထို့ကြောင့် လုပ်ငန်းငယ်များအတွက် လျင်မြန်သွက်လက်စွာလှုပ်ရှားဆောင်ရွက်နိုင်ခြင်းသည် အရေးကြီးသောမဟာဗျူဟာတစ်ခုအဖြစ် ချမှတ်ဆောင်ရွက်သွားရမည်ဖြစ်သည်။

**တာဝန်ယူခြင်း၊ တာဝန်ခံခြင်းဟူသောမဟာဗျူဟာ**

လုပ်ငန်းကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ လုပ်ငန်းတိုင်းသည် မိမိတို့ထုတ်လုပ်သော၊ ရောင်းချသော သို့မဟုတ် ဝန်ဆောင်မှုပေးသောလုပ်ငန်း သို့မဟုတ် ကုန်စည်ကို တာဝန်ယူရန်နှင့်လုပ်ကိုင်ရောင်းချမှုနှင့်ပတ်သက်၍ တာဝန်ခံရန်အရေးကြီးသည်။ ရောင်းချသောကုန်ပစ္စည်း၏အရည်အသွေးနှင့်ပတ်သက်၍ဖြစ်စေ၊ အလေးချိန် နှင့်ပတ်သက်၍ဖြစ်စေ တာဝန်ယူရန် လိုအပ်သည်။ သို့မှသာ တည်ကြည်သော၊ ကတိတည်သော၊ ဖောက်သည်များအပေါ် လေးစားတန်ဖိုးထားသောလုပ်ငန်းတစ်ခုအဖြစ် ထင်ရှားကျော်ကြားလာမည်ဖြစ်သည်။ ဖောက်သည်များ၏တစ်ဆင့်စကားသည် အကောင်းဆုံးသော ကြော်ငြာပင်ဖြစ်သည်။ ထို့ကြောင့် တာဝန်ယူခြင်း၊ တာဝန်ခံခြင်းဟူသော ကိစ္စကို လုပ်ငန်းကြီးပွားတိုးတက်ရေးမဟာဗျူဟာအဖြစ် ချမှတ်ကျင့်သုံးရန်လိုအပ်သည်။ အဓိကအားဖြင့် မတော်တဆလွဲမှားမှုများတွင် တာဝန်မရှိသယောင်ဖြင့် မသိသလိုနေခြင်းများသည် လုပ်ငန်းဂုဏ်သိက္ခာကို အလွန်တရာထိခိုက်သောကိစ္စတစ်ရပ်ဖြစ်သည်။ သို့ဖြစ်၍ မိမိတို့လုပ်ငန်း၏လွဲမှားမှုတစ်စုံတစ်ရာရှိခဲ့လျှင် ရှောင်လွှဲမပစ်ဘဲ တောင်းပန်ခြင်း၊ တာဝန်ယူဖြေရှင်းပေးခြင်း၊ ဖောက်သည်ကျေနပ်သည်ထိ လိုက်လျောဆောင်ရွက်ပေးခြင်းများကိုဆောင်ရွက်ပေးရမည်ဖြစ်သည်။ သို့မှသာ တာဝန်ယူသောလုပ်ငန်းတစ်ရပ်အဖြစ် ကြီးပွားတိုးတက်နိုင်မည်ဖြစ်သည်။

**ပိုင်နိုင်အောင် ဆောင်ရွက်ခြင်းမဟာဗျူဟာ**

လုပ်ငန်းတစ်ခုဆောင်ရွက်ရာတွင် သေချာစွာ ထိထိရောက်ရောက်ဆောင်ရွက်ခြင်း၊ ကျွမ်းကျင်ပိုင်နိုင်အောင်ဆောင်ရွက်ခြင်းများသည် လုပ်ငန်းတိုးတက်ခြင်းအတွက် အလွန်အရေးကြီးသည်။ ကားပစ္စည်းဆိုင်တစ်ဆိုင်သည် ကားအမျိုးအစားပေါင်းများစွာ၏ ပစ္စည်းအများအပြားကို ရောင်းချတတ်ကြပြီး ရောင်းချသည့်အရောင်းဝန်ထမ်း သို့မဟုတ် ပိုင်ရှင်သည် လိုအပ်ကြောင်း လာရောက်ပြသသည့်စက်ကိရိယာကိုကြည့်၍ဖြစ်စေ၊ မေးမြန်းသည်ကို နားထောင်ပြီးဖြစ်စေ သင့်တော်သည့် ယာဉ်အပိုပစ္စည်းကိရိယာကို ရှာဖွေပေးနိုင်ကြသည်။ အမျိုးအစားပေါင်း သောင်းချီရှိသည့်ပစ္စည်းများကို မှတ်မိနေခြင်းသည် ထူးခြားသော ကျွမ်းကျင်ပိုင်နိုင်မှု၊ လုပ်ငန်းကျွမ်းကျင်မှုဖြစ်သည်။ ထိုကဲ့သို့ ကျွမ်းကျင်ပိုင်နိုင်မှုမျိုးကို မိမိလုပ်ငန်းနှင့်ပတ်သက်သည့် အချက်အလက်များအားလုံးကို လေ့လာမှတ်သား၍ ဆရာတစ်ဆူဖြစ်အောင် လုပ်ကိုင်ထားရန်လိုအပ်သည်။ ထို့ပြင် လုပ်ငန်းနှင့်ပတ်သက်သည့်ဆက်သွယ်ရမည့် ပုဂ္ဂိုလ်များ၊ ဈေးသက်သာသောနေရာများ၊ အခြားဆက်သွယ်ရမည့် ဖောက်သည်များ၏ကိုယ်ရေးကိုယ်တာမှစ၍ သိသင့်သောအချက်အလက်များကို ပိုင်နိုင်စွာသိရှိထားရန်လည်းလိုအပ်သည်။

သို့မှသာ အရေးကြီးသောသတင်းအချက်အလက်များ၊ အဆက်အသွယ်များ၊ ဖောက်သည်များကို ပြိုင်ဘက်လုပ်ငန်းများထက် ကြိုတင်သိရှိနိုင်ခြင်း၊ ဈေးကွက်နှင့် ဈေးနှုန်းကို ကြိုတင်ခန့်မှန်းနိုင်ခြင်းများကြောင့် ကျွမ်းကျင်ပိုင်နိုင်အောင်ဆောင်ရွက်ခြင်းသည် အရေးကြီးသောမဟာဗျူဟာတစ်ခုဖြစ်သည်။ ငွေကြေးပိုင်ဆိုင်မှုများ နည်းပါးနိုင်သော်လည်း ဖောက်သည်ကောင်းများ ပိုင်ဆိုင်ခြင်း၊ မိတ်ဆွေနှင့်ကူညီမည့်သူများပိုင်ဆိုင်ခြင်း၊ သတင်းအချက်အလက်များ သိရှိပိုင်ဆိုင်ခြင်းတို့ရှိခြင်းဖြင့်လည်း လုပ်ငန်းကို ကြီးပွားတိုးတက်အောင် ဆောင်ရွက်နိုင်သည်။ ထို့ကြောင့် ဖောက်သည်ကောင်းများကို တိုးတက်များပြားအောင် ဆောင်ရွက်နိုင်သည့် လုပ်ငန်းကျွမ်းကျင်မှုကို ပိုင်ဆိုင်ခြင်းနှင့် လုပ်ငန်းကိုပိုင်ပိုင်နိုင်နိုင်ရှိအောင် ဆောင်ရွက်ခြင်းဟူသော မဟာဗျူဟာကို သုံးစွဲသွားရမည်ဖြစ်သည်။

**အခွင့်အလမ်းကို မိအောင်ဖမ်းဆုပ်ခြင်းမဟာဗျူဟာ**

အခွင့်အလမ်းကောင်းများကို မိအောင်ဖမ်းဆုပ်ကိုင်နိုင်ခြင်းသည်လည်း လုပ်ငန်းကြီးပွားတိုးတက်ရေးအတွက် အရေးကြီးသောအချက်တစ်ချက်ဖြစ်သည်။ ထိုသို့အခွင့်အလမ်းကောင်းများကို မည်သည့်အချိန်တွင်ရရှိမည်၊ မည်သည့် ပုံစံဖြင့်ရောက်လာမည်တို့ကို မည်သူမျှကြိုတင်မသိနိုင်ပေ။ သို့သော် အခွင့်အလမ်းကို အခွင့်အလမ်းဟုသိပြီး မှန်မှန်ကန်ကန်ဖမ်းဆုပ်အသုံးချနိုင်ရန်သာအရေးကြီးသည်။ လုပ်ငန်းတစ်ခု၏ ပြင်ပအခြေအနေများကို အစဉ်လေ့လာသုံးသပ်ခြင်းကို ဆောင်ရွက်နေရန် လိုအပ်သည်။ မိမိလုပ်ကိုင်သည့်လုပ်ငန်း၊ ဈေးကွက်အခြေအနေနှင့် အခြားလွှမ်းမိုးထားသည့် အကြောင်းအရာများကို အစဉ်လေ့လာနေခြင်းဖြင့် အခွင့်အလမ်းများကိုသိမြင်လာနိုင်သည်။ တွေ့ကြုံရမည့်စိန်ခေါ်မှုများနှင့် ခြိမ်းခြောက်မှုများကိုလည်း သိနိုင်သည်။ ထိုသို့အစဉ်အမြဲလေ့လာနေခြင်းနှင့် မိမိနှင့်ဝန်ထမ်းများလုပ်သားများ၏အရည်အသွေးများကို ကောင်းမွန်သည်ထက်ကောင်းမွန်အောင်ဆောင်ရွက်နေခြင်းဖြင့် အခွင့်အလမ်းကိုသိရှိသည်နှင့် ဖမ်းဆုပ်နိုင်မည်ဖြစ်သည်။

ထို့ကြောင့် အခွင့်အလမ်းကိုပိုင်နိုင်စွာဖမ်းဆုပ်နိုင်ရေးဟူသောဗျူဟာတွင် ဝန်ထမ်းနှင့်လုပ်သားများမှစ၍ လုပ်ငန်းအတွင်းရှိ လူသားအရင်းအမြစ်များ၏ ကျွမ်းကျင်လိမ္မာမှု၊ ဆင်ခြင်တုံတရား စသည်တို့ကိုပိုမိုကောင်းမွန်အောင် ဆောင်ရွက်ထားရမည်ဖြစ်သည်။ တစ်နည်းဆိုရလျှင် အခွင့်အလမ်းပေါ်ပေါက်လာသည့်အခါ သိရှိသည့်တိုင်အောင် ဖမ်းဆုပ်နိုင်ခြင်းမရှိဘဲ လက်လွှတ်ရခြင်းမျိုးမရှိစေရန်အတွက် ကြိုတင်ပြင်ဆင်ထားရန်လိုအပ်သည်။ လုပ်ငန်းအတွက် လိုအပ်နိုင်သည့်ကိစ္စများကို ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်သည်။ ဈေးကွက်တွင် ဝယ်လိုအားမြင့်တက်သည့်အချိန်၌ ဈေးကောင်းရမည်ဖြစ်သော်လည်း ထိုအချိန်တွင် လက်ဝယ်၌ကုန်ပြတ်လပ်နေပါက ရောင်းအားကောင်းစေရန်နှင့် အကျိုးအမြတ်များများ ရရန်ဟူသော အခွင့်အလမ်းကို လက်လွှတ်ရမည်ဖြစ်သည်။

**အကောင်းမြင်စိတ်ဖြင့် ဆောင်ရွက်ပါ**

လုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ရန်အတွက် အထက်ပါမဟာဗျူဟာလေးရပ်၊ ဆောင်ရွက်ရမည့် နည်းလမ်းခုနစ်သွယ်တို့ဖြင့် ဆောင်ရွက်မည်ဆိုပါက လုပ်ငန်းငယ်လေးတိုင်းသည် မုချကြီးပွားတိုးတက်လာမည်သာဖြစ်သည်။ သို့ရာတွင် ဖြတ်လမ်းနည်းဖြင့် အလျင်အမြန် ကြီးပွားချင်စိတ်ကိုလျှော့ချပြီး အောက်ခြေခိုင်ကာ မယိုင်မလဲနိုင်သည့်ကြီးပွားတိုးတက်သော နည်းလမ်းများကိုသာ သုံးစွဲရမည်ဖြစ်သည်။ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အကောင်းမြင်စိတ်ဖြင့် လုပ်သမျှလုပ်ငန်းစဉ်တိုင်းကို ဆင်ခြင်တွေးတောနိုင်ရန်လိုအပ်သည်။ လုပ်ငန်းငယ်လေးများသည် မိမိနိုင်သည့်ဝန်၊ ဝန်နှင့်အား မြားနှင့်လေးဆိုသကဲ့သို့ ဆောင်ရွက်နိုင်လျှင် ကြီးပွားတိုးတက် အောင်မြင်လာမည်မှာသေချာသည်။ သို့သော်လည်း လုပ်သည့်လုပ်ငန်းစဉ်တိုင်းအပေါ် အကောင်းမြင်စိတ်ဖြင့် ကြည့်ပေးနိုင်ရန် အရေးကြီးသည်။ ဖောက်သည်များအပေါ်ထားရှိသည့် သဘောထားသည် အကောင်းမြင်စိတ်ထား၍ ကြည့်ရန်၊ ကိုယ်ချင်းစာတရားဖြင့် ကြည့်ရန်လိုအပ်သည်။ တစ်ခါတစ်ရံတွင် အမြတ်အစွန်းကိုသာကြည့်မိသည်မျိုး ဖြစ်လာလျှင် ဖောက်သည်များ၊ မိမိ၏ကုန်စည်ကို အရောင်းတွင်အောင်ဆောင်ရွက်ပေးနေသည့် ပွဲစားကုန်သည်များ၏အကျိုးကို ကြည့်ပေးရန် မေ့လျော့နေတတ်သည်။ ထို့ကြောင့် ဖောက်သည်များ၏နေရာမှတွေး၍ ကိုယ်ချင်းစာစိတ်ဖြင့် ဆောင်ရွက်ပေးရမည်ဖြစ်သည်။ ဖောက်သည်များအတွက် အကျိုးအမြတ်တစ်စုံတစ်ရာ ချန်လှပ်ပေးထားခြင်းမျိုးဖြစ်သည်။ ထို့ကြောင့် လုပ်ငန်းငယ်လေးများအနေဖြင့် ဤမဟာဗျူဟာများကို သုံးစွဲ၍ ကြီးပွားတိုးတက်ရာတိုးတက်ကြောင်းကို ရှာဖွေနိုင်ကြပါစေကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**


- Forbes Website’s “How to lead a small business – 4 strategies for big growth.” By Tracy Brower, PhD.

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၁၇၂၇ ဧက စိုက်ပျိုးပြီးစီး



**ကျွန်းလှ ဖေဖော်ဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ၁၁၇၂၇ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၁၇၂၅ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၁၇၂၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ မတ်ပဲ ၁၁၇၂၅ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၁၇၂၇ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မတ်ပဲ စိုက်ပျိုးချိန်မှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါ ကာကွယ်နည်းလမ်းတွေကို မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် မတ်ပဲ စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး တို့ ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် မတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် စိုက်ပျိုးသီးနှံများကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။ (၂၀၆)

## အင်္ဂပူမြို့နယ် ရခိုင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အင်္ဂပူ ဖေဖော်ဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သုံးရွာတစ်ယူနစ်ဖြင့် ဆောင်ရွက်သော ရခိုင်ကုန်းကျေးရွာ၊ သုံးတဲစုကျေးရွာနှင့် အုတ်တွင်းကုန်း ကျေးရွာတို့အတွက် ဆဋ္ဌမအကြိမ်မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၁၄ ရက်က ရခိုင်ကုန်းကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းနိုင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၁ ဒသမ ၇၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရခိုင်ကုန်းကျေးရွာ၊ သုံးတဲစုကျေးရွာနှင့် အုတ်တွင်းကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦးကို ငွေကျပ် ၂၂ ဒသမ ၁၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ၉ ဒသမ ၂၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၉ ဒသမ ၀၅ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူငါးဦးကို ငွေကျပ် ၁ ဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၈ ဦးကို ငွေကျပ် ၄၁ ဒသမ ၇၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သံသာ**

## ပညာရှေ့အိုး လူမခိုး

\- ပညာကို သင်ယူရေး  
စဉ်သာတွေး ဆောင်ရွက်ပါ၊  
ဘဝဝယ် အမွားကင်း  
မှောင်ခွင်းစေရာ၊  
တတ်မြောက်ဖို့ အထူးလေ့လာ  
ကောင်းကျိုးသာ ရမြဲ၊  
ပန်းတိုင်မြေ သင်အရောက်  
လှမ်းလျှောက်ဆင်နွှဲ။

\- ပညာလို အိုသည်မရှိ  
သင်ယူဘိ နားလည်စေ၊  
ကြိုးစားပါ အချိန်မနှောင်း  
ကျိုးကြောင်းကောင်းဝေ၊  
ပညာရှေ့အိုး လူမခိုးပေ  
တည်တံ့နေ ထာဝရ၊  
အမှန်ကို လမ်းပြပေးသမို့  
တွေးရှုသင်ကြ။

\- ပညာသည် ရတနာမို့  
သင်ယူစို့ သာယာမည်၊  
အလင်းမှောင် ခွဲခြမ်းအသိ  
တည်ရှိစေသည်၊  
မကောက်ကွေ့ လမ်းမှန်ဆီ  
တည့်မတ်တည် ပညာအစွမ်း၊  
ချစ်မိတ်ဆွေ ပညာတိုးအောင်  
ကြိုးစားရွက်လှမ်း။ ။

**မောင်မျိုးချစ်(အညာမြေ)**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# နိုင်ငံတကာ သတင်းများ

## ချာနိုဘိုင်းလ်နျူကလီးယားစက်ရုံ အမိုးပျက်စီးမှု ယူကရိန်းအစိုးရစွပ်စွဲချက် ရုရှားငြင်းပယ်

**မော်စကို ဖေဖော်ဝါရီ ၁၅**

ယူကရိန်းနိုင်ငံ ချာနိုဘိုင်းလ် နျူကလီးယား စက်ရုံဟောင်းကို ဖုံးကာပေးထားသည့်အမိုးမှာ ရုရှား မောင်းသူမဲ့ လေယာဉ်တစ်စင်း ကြောင့် ပျက်စီးခဲ့ရကြောင်း ယူကရိန်းအစိုးရက ဖေဖော်ဝါရီ ၁၄ ရက်တွင် စွပ်စွဲလိုက်သည်။

သို့ရာတွင် ယူကရိန်းအစိုးရ၏ အဆိုပါစွပ်စွဲချက်ကို အခြေအမြစ် မရှိသည့်စွပ်စွဲချက်အဖြစ် ရုရှား အစိုးရပြောရေးဆိုခွင့်ရှိသူ ဒီမီထရီ ပက်စကော့ဗ်က ဖေဖော်ဝါရီ ၁၄ ရက်တွင် ငြင်းပယ်ခဲ့သည်။

ယူကရိန်းအစိုးရ၏ ချာနိုဘိုင်းလ် စွပ်စွဲချက်မှာ ရုရှားနိုင်ငံကို ရန်စခြင်းတစ်ခုသာဖြစ်ကြောင်း၊ ရုရှား တပ်များအနေဖြင့် ယူကရိန်းစစ်ပွဲ ကာလအတွင်း နျူကလီးယား အခြေခံ အဆောက်အအုံများကို တိုက်ခိုက်ခဲ့ခြင်းမရှိကြောင်း ဒီမီထရီပက်စကော့ဗ်က ပြောကြားခဲ့သည်။

ရုရှား မောင်းသူမဲ့လေယာဉ် တစ်စင်း၏ တိုက်ခိုက်မှုကြောင့် ချာနိုဘိုင်းလ်နျူကလီးယားစက်ရုံ ဟောင်း၏အမိုး ဖေဖော်ဝါရီ ၁၄ ရက်တွင် ပျက်စီးခဲ့ရကြောင်း ယူကရိန်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အမိုး ပျက်စီးခဲ့ရသော်လည်း ချာနိုဘိုင်းလ်နျူကလီးယားစက်ရုံ ဟောင်းအတွင်း ရေဒီယိုသတ္တိကြွ ဓာတ်ရောင်ခြည် ပေါ်ထွက်မှု အဆင့် မြင့်တက်လာခြင်းမရှိ ကြောင်း သိရသည်။

ချာနိုဘိုင်းလ် နျူကလီးယား စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေး စက်ရုံသည် ၁၉၈၆ ခုနှစ်တွင် ဓာတ်ပေါင်းဖိုပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ နျူကလီးယားဓာတ်ရောင်ခြည် ကပ်ဘေးတစ်ခု ပေါ်ပေါက်ခဲ့ရ ကြောင်း သိရသည်။ **Ref : RT**

**Trs : KKO**

## ဒေါ်နယ်ထရန့်နှင့် ပူတင်တို့၏ ထိပ်သီးဆွေးနွေးပွဲ ဆော်ဒီ၌ကျင်းပပါက လက်ခံကြိုဆိုကြောင်း ဆော်ဒီအာရေဗျပြောကြား




**ရီယာဒ် ဖေဖော်ဝါရီ ၁၅**

ရုရှားသမ္မတပူတင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်တို့၏ ထိပ်သီးဆွေးနွေးပွဲအား ဆော်ဒီအာရေဗျနိုင်ငံ၌ ကျင်းပမည်ဆိုပါက လက်ခံကြိုဆိုကြောင်း ဆော်ဒီအာရေဗျနိုင်ငံခြားရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၄ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အမေရိကန်သမ္မတနှင့် ရုရှားသမ္မတတို့ ဖေဖော်ဝါရီ ၁၂ ရက်တွင် ဖုန်းခေါ်ဆိုဆွေးနွေးမှုပြုလုပ်ခဲ့ပြီးနောက် ဆော်ဒီအာရေဗျနိုင်ငံခြားရေးဝန်ကြီးဌာန၏ အဆိုပါ ကြေညာချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

ဖေဖော်ဝါရီ ၁၂ ရက် ဖုန်းခေါ်ဆိုဆွေးနွေးပွဲတွင် မကြာမီကာလအတွင်း လူချင်းတွေ့ဆုံဆွေးနွေးရန် သမ္မတ ဒေါ်နယ်ထရန့်နှင့် သမ္မတပူတင်တို့က သဘောတူခဲ့ကြသည်။

သမ္မတပူတင်နှင့် သမ္မတ ဒေါ်နယ်ထရန့်တို့၏ ထိပ်သီးဆွေးနွေးပွဲကျင်းပနိုင်ရေးအတွက် လအနည်းငယ်မျှ အချိန်ယူရနိုင်ကြောင်း ရုရှားအစိုးရပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဗ်က ပြောကြားထားသည်။

ယင်းအပြင် ရုရှားသမ္မတပူတင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်တို့၏ ထိပ်သီးဆွေးနွေးပွဲကို ဆော်ဒီအာရေဗျနိုင်ငံ၌ ကျင်းပနိုင်ဖွယ်ရှိကြောင်း ဒီမီထရီပက်စကော့ဗ်က ပြောကြားထားသည်။

ဆော်ဒီအိမ်ရှေ့မင်းသားမိုဟာမက်ဘင်ဆယ်လ်မန်သည် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့်ရော ရုရှားသမ္မတ ပူတင်နှင့်ပါ ပုဂ္ဂိုလ်ရေးအရ ဆက်ဆံရေးကောင်းမွန်သူ ဖြစ်ကြောင်း သိရသည်။ **Ref : RT**

**Trs : KKO**

## အစ္စရေး ဓားစာခံသုံးဦးကို ဟားမတ်စ်အုပ်စု ပြန်လွှတ်ပေး

**ဂျေရုဆလင် ဖေဖော်ဝါရီ ၁၅**

ဂါဇာကမ်းမြောင်စစ်ပွဲ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အရ ဟားမတ်စ်အုပ်စုသည် အစ္စရေး ဓားစာခံသုံးဦးကို ယနေ့တွင် ပြန်လွှတ်ပေးခဲ့ကြောင်း သိရသည်။

အစ္စရေး ဓားစာခံသုံးဦးကို ဟားမတ်စ်အုပ်စုက ပြန်လွှတ်ပေးခဲ့ပြီးနောက် အစ္စရေးနိုင်ငံကလည်း ပါလက်စတိုင်း အကျဉ်းသားများကို စတင် လွှတ်ပေးနေပြီဖြစ်ကြောင်း အစ္စရေးမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ဂါဇာကမ်းမြောင် အခြေစိုက် ဟားမတ်စ်အုပ်စုသည် အဆိုပါအစ္စရေးဓားစာခံသုံးဦးကို ဂါဇာတောင်ပိုင်း စန်ယူနစ်မြို့၌ နိုင်ငံတကာ ကြက်ခြေနီအဖွဲ့ကိုယ်စားလှယ်များထံ လွှဲပြောင်းအပ်နှံခဲ့သည်။

အပြန်အလှန်အနေဖြင့် အစ္စရေးနိုင်ငံက အစ္စရေးအကျဉ်းထောင်များအတွင်းရှိ ပါလက်စတိုင်း အကျဉ်းသား၃၆၉ ဦးကို ပြန်လွှတ်ပေးရမည်ဖြစ်သည်။

ယနေ့ အကျဉ်းသားချင်းလဲလှယ်မှုသည် ဂါဇာစစ်ပွဲအပစ်အခတ်ရပ်စဲရေးသဘောတူညီချက် စတင်အာဏာ သက်ဝင်ခဲ့ပြီးနောက်ပိုင်း အစ္စရေးနှင့် ဟားမတ်စ်အုပ်စုတို့ပြုလုပ်ခဲ့သော ဆဋ္ဌမမြောက် အကျဉ်းသားချင်းလဲလှယ်မှုဖြစ်သည်။

ယနေ့မတိုင်မီထိ အစ္စရေးနှင့် ဟားမတ်စ်အုပ်စုတို့သည် ဓားစာခံ ၂၁ ဦးနှင့် ပါလက်စတိုင်းအကျဉ်းသား ဦးရေ ၇၃၀ ကျော် လွှတ်ပေးခဲ့ပြီးဖြစ်သည်။

အစ္စရေးနှင့် ဟားမတ်စ်အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်သည် ပြီးခဲ့သည့်ဇန်နဝါရီ ၁၉ ရက်တွင် စတင်အာဏာသက်ရောက်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**




## မွန်းလွဲပိုင်းအရက်ရောင်းချမှုပိတ်ပင်ရေးစည်းမျဉ်းကို ထိုင်းအစိုးရ ပြန်လည်စဉ်းစားမည်

**ဗန်ကောက် ဖေဖော်ဝါရီ ၁၅**



ခရီးသွားလုပ်ငန်းအားကောင်းလာရေးကြိုးပမ်းမှုအဖြစ် မွန်းလွဲပိုင်းအရက်ရောင်းချမှုပိတ်ပင်ရေးစည်းမျဉ်းကို ပြန်လည်စဉ်းစားသုံးသပ်ရန် ထိုင်းဝန်ကြီးချုပ်ပေထုန်ထန်ရှင်နာဝပ်ထရာက ညွှန်ကြားထားကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

၂၀၂၅ ခုနှစ်သည် ထိုင်းနိုင်ငံ၏ ခရီးသွားနှစ်ဖြစ်ရာ မိမိတို့အနေဖြင့် မွန်းလွဲပိုင်းကာလ အရက်သေစာရောင်းချမှု ပိတ်ပင်ရေးစည်းမျဉ်းကို ပြန်လည်စဉ်းစားသုံးသပ်ရန်လိုကြောင်း ထိုင်းဝန်ကြီးချုပ် ပယ်ထုန်ထန်ရှင်နာဝပ်ထရာက အစိုးရအဖွဲ့အစည်းအဝေးတစ်ခု၌ ထုတ်ဖော်ပြောကြားထားသည်။

ထိုင်းနိုင်ငံသည် မွန်းလွဲ ၂နာရီနှင့် ၄နာရီကြား အရက်သေစာရောင်းချမှု ပိတ်ပင်ရေးစည်းမျဉ်းကို ၁၉၇၂ ခုနှစ်တွင် စတင်ကျင့်သုံးခဲ့သည်။

သို့ရာတွင် အဆိုပါစည်းမျဉ်းကို စီးပွားရေးနယ်ပယ်အမျိုးမျိုးက စောဒကတက်ထားကြကြောင်း၊ ထိုင်းဝန်ကြီးချုပ်က ဖေဖော်ဝါရီ ၁၁ ရက် အစိုးရအဖွဲ့အစည်းအဝေးတွင် ပြောကြားထားကြောင်း သိရသည်။

ထိုင်းနိုင်ငံသည် ယခုနှစ်ကို ခရီးသွားလုပ်ငန်းနှစ်အဖြစ် သတ်မှတ်ထားပြီး ပြည်ပခရီးသည် သန်း ၄၀ ထိ ဆွဲဆောင်နိုင်ရန် ရည်ရွယ်ထားသည်။

ထိုင်းနိုင်ငံသည် ၁၉၇၂ ခုနှစ်တွင် စတင်ကျင့်သုံးခဲ့သော မွန်းလွဲပိုင်းအရက်သေစာသောက်စားမှု စည်းမျဉ်းကို ၂၀၀၈ ခုနှစ်တွင် အယ်လ်ကိုဟောလ် ထိန်းချုပ်ရေး အက်ဥပဒေအဖြစ် ပြောင်းလဲကျင့်သုံးခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## တရုတ်(တိုင်ပေ) လေတပ်မှ အမောင်းသင်လေယာဉ်ပျက်ကျမှုဖြစ်ပွား လေယာဉ်မှူး အသက်ဘေးမှလွတ်မြောက်

**တိုင်ပေ ဖေဖော်ဝါရီ ၁၅**

တရုတ်(တိုင်ပေ) လေတပ်မှ အေတီ-၅ ဘရေ့ဗ်အီးဂဲလ်အမျိုးအစားအမောင်းသင် ဂျက်လေယာဉ်တစ်စင်း ဖေဖော်ဝါရီ ၁၄ရက်တွင် ပျက်ကျခဲ့သည်။

အဆိုပါ အမောင်းသင်ဂျက်လေယာဉ်သည် လေ့ကျင့်ပျံသန်းမှုပြုလုပ်နေစဉ် အင်ဂျင်များချို့ယွင်းမှုကြောင့် ပျက်ကျခဲ့ခြင်းဖြစ်ပြီး လေယာဉ်မှူးမှာ ဘေးကင်းစွာ ခုန်ထွက်နိုင်ခဲ့ကြောင်း တရုတ်(တိုင်ပေ)တပ်မတော်က သတင်းထုတ်ပြန်ထားသည်။

အဆိုပါအမောင်းသင် ဂျက်လေယာဉ်သည် တရုတ်(တိုင်ပေ) အရှေ့ဘက်ကမ်းရိုးတန်း တိုင်တန်းမြို့လေတပ်စခန်းတစ်ခုမှ ပျံတက်ခဲ့ပြီး မကြာမီမှာပင် အင်ဂျင်နှစ်လုံးစလုံး ချို့ယွင်းခဲ့ခြင်းဖြစ်ပြီး ပင်လယ်ထဲသို့ ပျက်ကျခဲ့ခြင်းဖြစ်သည်။

ပျက်ကျခဲ့သည့် အေတီ-၅ ဘရေ့ဗ်အီးဂဲလ် လေယာဉ်မှာ ပျံသန်းချိန် ၁၈၃ နာရီသာရှိသေးသည့်လေယာဉ်ဖြစ်သည်။


၎င်းလေယာဉ် ပျက်ကျခဲ့ပြီးနောက် တရုတ်(တိုင်ပေ)လေတပ်သည် လက်ရှိသုံးစွဲနေသော အေတီ-၅ ဘရေ့ဗ်အီးဂဲလ်အမောင်းသင်လေယာဉ်များကို ပျံသန်းမှုရပ်နားထားသည်။

အေတီ-၅ ဘရေ့ဗ်အီးဂဲလ် အမောင်းသင်လေယာဉ်များသည် တရုတ်(တိုင်ပေ)အစိုးရပိုင် လေကြောင်း စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးကော်ပိုရေးရှင်းက တည်ဆောက်ထားသည့် ပြည်တွင်းဖြစ် အမောင်းသင်ဂျက်လေယာဉ်များ ဖြစ်ကြောင်း သိရသည်။ **Ref : Xinhua**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## 2024 YR 4 ဂြိုဟ်သိမ်က ၂၀၃၂ ခုနှစ်တွင် လကမ္ဘာကိုလည်း ဝင်တိုက်နိုင်ခြေရှိ




**ဝါရှင်တန် ဖေဖော်ဝါရီ ၁၅**

2024 YR 4 အမည်ရှိ ဂြိုဟ်သိမ်သည် ၂၀၃၂ ခုနှစ်တွင် လကမ္ဘာကိုလည်း ဝင်တိုက်နိုင်ခြေရှိကြောင်း သိပ္ပံပညာရှင်များက ဖေဖော်ဝါရီ ၁၄ ရက်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံ အရီဇိုးနား တက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ တွက်ချက်မှုအရ 2024 YR 4 ဂြိုဟ်သိမ်သည် ၂၀၃၂ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် ကမ္ဘာဂြိုဟ်နှင့်ဝင်တိုက်နိုင်ခြေ ၂ ဒသမ ၁ ရာခိုင်နှုန်းထိရှိကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် 2024 YR 4 ဂြိုဟ်သိမ်သည် ၂၀၃၂ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် လကမ္ဘာနှင့်ဝင်တိုက်နိုင်ခြေလည်း သုည ဒသမ ၃ ရာခိုင်နှုန်းထိရှိနေကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ရှာဖွေတွေ့ရှိခဲ့သော 2024 YR 4 ဂြိုဟ်သိမ်သည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ကမ္ဘာဂြိုဟ်အတွက် အန္တရာယ်အရှိဆုံး ဂြိုဟ်သိမ်များစာရင်း၌ ပါဝင်နေသော ဂြိုဟ်သိမ်ဖြစ်ကြောင်း သိရသည်။

2024 YR 4 ဂြိုဟ်သိမ်သည် ကမ္ဘာဂြိုဟ်ကို ဝင်တိုက်ခဲ့ပါက ဟီရိုရှီးမားနျူကလီးယားဗုံးပေါက်ကွဲအားထက် အဆ ၁၀၀ ပိုပြင်းထန်မည့် ပေါက်ကွဲမှုကြီးပေါ်ထွက်လာနိုင်သည်။

လကမ္ဘာကိုဝင်တိုက်မည်ဆိုပါက အခုအခံလေထုမရှိခြင်းကြောင့် လမျက်နှာပြင်ကို တစ်နာရီ မိုင် ၃၁၀၀၀ အမြန်နှုန်းဖြင့် ကျရောက်လာနိုင်ပြီး ဟီရိုရှီးမားနျူကလီးယားဗုံးထက် ပေါက်ကွဲအား ၃၄၃ ဆ ပိုမြင့်မားသည့် ပေါက်ကွဲမှုပေါ်ထွက်လာနိုင်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## Space-X ကုမ္ပဏီက Starship ဒုံးပျံကို အဌမအကြိမ် စမ်းသပ်လွှတ်တင်ရေးအတွက် ပြင်ဆင်မှုများပြုလုပ်နေ

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၅**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် Starship ဒုံးပျံကို အဌမအကြိမ်မြောက် စမ်းသပ် လွှတ်တင်ရေးအတွက် ပြင်ဆင်မှုများ ပြုလုပ်နေကြောင်း ဖေဖော်ဝါရီ ၁၄ ရက် သတင်းများအရ သိရသည်။

IFT-8 အမည်ရှိ အဌမအကြိမ် စမ်းသပ်လွှတ်တင်ရေး မစ်ရှင်အတွက် Space-X ကုမ္ပဏီသည် ဖေဖော်ဝါရီ ၁၂ ရက်တွင် စူပါဟဲဗီး ဒုံးယာဉ်၏ ရက်တာအမျိုးအစား ဒုံးအင်ဂျင် ၃၃ လုံးကို စက်နှိုးစမ်းသပ်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် Starship ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ် ဒုံးအင်ဂျင်များကိုလည်း စက်နှိုးစမ်းသပ်ခဲ့ကြောင်း Space-X ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။



Space-X ကုမ္ပဏီသည် Starship ဒုံးပျံ၏ အဌမအကြိမ်စမ်းသပ်လွှတ်တင်မှုကို ယခုလကုန်ပိုင်းတွင် ပြုလုပ်ဖွယ်ရှိသည်။

Space-X ကုမ္ပဏီသည် Starship ဒုံးပျံ သတ္တမအကြိမ် စမ်းသပ်လွှတ်တင်မှုကို ဇန်နဝါရီ ၁၆ ရက်က ပြုလုပ်ခဲ့ပြီးဖြစ်သည်။

အထက်ပါမစ်ရှင်တွင် Starship ဒုံးပျံ၏ ပင်မဒုံးယာဉ်ဖြစ်သော စူပါဟဲဗီးဒုံးယာဉ်သည် ပစ်စင်ရှိရာသို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့သော်လည်း ထိပ်ဖူးအဆင့်ဒုံးယာဉ်မှာ ပေါက်ကွဲခဲ့ရကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## အိုင်စပေ့စ်ကုမ္ပဏီ၏ ဒုတိယမြောက် Resilence လဆင်းယာဉ်က လကို ပထမဆုံးအကြိမ် အနီးကပ်ဖြတ်ကျော်ပျံသန်းရေးအတွက် ပြင်ဆင်နေ

**တိုကျို ဖေဖော်ဝါရီ ၁၅**

ဂျပန်နိုင်ငံအခြေစိုက် အိုင်စပေ့စ်ကုမ္ပဏီ၏ ဒုတိယမြောက် လဆင်းယာဉ်ဖြစ်သော Resilence လဆင်းယာဉ်သည် လကိုပထမဆုံးအကြိမ် အနီးကပ်ဖြတ်ကျော်ပျံသန်းရေးအတွက် ပြင်ဆင်နေကြောင်း ဖေဖော်ဝါရီ ၁၄ ရက် သတင်းများအရ သိရသည်။

လပတ်လမ်း အတွင်းသို့ လောင်စာသုံးစွဲရသက်သာသည့် နည်းလမ်းမျိုးဖြင့် ဝင်ရောက်ရေးအတွက် လ၏ဒြပ်ဆွဲအားအကူအညီကိုယူရန် Resilence လဆင်းယာဉ်အနေဖြင့် လကိုအနီးကပ်ဖြတ်ကျော်ပျံသန်းရန် စီစဉ်ထားခြင်းဖြစ်သည်။

Resilence လဆင်းယာဉ် လကိုအနီးကပ်ဖြတ်ကျော်ပျံသန်းမှုပြုလုပ်မည့် အချိန်ကို အိုင်စပေ့စ်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

အိုင်စပေ့စ်ကုမ္ပဏီသည် Resilence လဆင်းယာဉ်ကို ဇန်နဝါရီ ၁၆ ရက်တွင် Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Resilence လဆင်းယာဉ်သည် ကမ္ဘာဂြိုဟ်နှင့် မိုင်ပေါင်း ၂၈၆၀၀၀ အကွာတွင် ရောက်ရှိနေကြောင်း သိရသည်။

Resilence လဆင်းယာဉ်သည် လကမ္ဘာမြောက်ယဉ်စွန်းတန်းဒေသ၌ ယခုနှစ် မေလသို့မဟုတ် ဇွန်လအတွင်း ဆင်းသက်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## သန္ဓေတားဆေးတချို့ကြောင့် အမျိုးသမီးများ၌ နှလုံးဖောက်နိုင်ခြေ ပုံမှန်ထက်မြင့်မားနိုင်

**လန်ဒန် ဖေဖော်ဝါရီ ၁၅**

ဟော်မုန်းအခြေခံ ပဋိသန္ဓေတားဆေးတချို့ကြောင့် အမျိုးသမီးများ၌ နှလုံးရုတ်တရက်ဖောက်နိုင်ခြေ ပုံမှန်ထက်မြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များက ဖေဖော်ဝါရီ ၁၄ ရက်တွင် ပြောကြားသည်။

ဗြိတိန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အက်စထရိုဂျင်နှင့် ပရိုဂက်စတာရုန်းဟော်မုန်းနှစ်မျိုး ပါဝင်သည့် သန္ဓေတားဆေးသုံးစွဲသူ အမျိုးသမီးများသည် ၎င်းဆေးသုံးစွဲခြင်းမရှိသူ အမျိုးသမီးများနှင့်နှိုင်းယှဉ်ပါက နှလုံးရုတ်တရက်ဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေ နှစ်ဆပိုမြင့်မားကြောင်း သိရသည်။

ထို့နည်းတူ အက်စထရိုဂျင်နှင့် ပရိုဂက်စတာရုန်း ဟော်မုန်းများကို အရေပြားမှတစ်ဆင့် ကိုယ်ခန္ဓာအတွင်းသို့ ထည့်သွင်းပေးသည့် သန္ဓေတားကပ်ခွာတစ်မျိုးသုံးစွဲသူ အမျိုးသမီးများတွင်လည်း လေဖြတ်နိုင်ခြေ ပုံမှန်ထက်သုံးဆ မြင့်တက်နေတတ်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ရာတွင်သန္ဓေတားဆေးများကြောင့် နှလုံးဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေ မြင့်တက်လာမှုများမှာ ရှားပါးပြီး နှစ်စဉ်သန္ဓေတားဆေးသုံးစွဲသူ အမျိုးသမီး ၅၀၀၀ လျှင် တစ်ဦးနှုန်းသာ လေဖြတ်နိုင်ခြေ မြင့်တက်လာတတ်ကာ အမျိုးသမီး ၁၀၀၀၀ လျှင် တစ်ဦးနှုန်းသာ နှလုံးဖောက်နိုင်ခြေ မြင့်တက်လာတတ်ကြောင်း သိရသည်။

အမျိုးသမီးများ အနေဖြင့် ကျန်းမာရေး ကောင်းမွန်နေပါက သန္ဓေတားဆေးများကြောင့် နှလုံးဖောက်နိုင်ခြေ၊ လေဖြတ်နိုင်ခြေများ နည်းနေလိမ့်မည်သာဖြစ်ကြောင်း သုတေသနပညာရှင်များက ထောက်ပြထားသည်။

**Ref : Sputnik News**

**Trs : KKO**

## အယ်ဇိုင်းမားရောဂါဆေးသစ်နှစ်မျိုးက ရောဂါဆိုးလာမှုကို တစ်နှစ်ခန့်ထိန်းထားနိုင်

**နယူးယောက် ဖေဖော်ဝါရီ ၁၅**

အယ်ဇိုင်းမားရောဂါ ဆေးသစ်နှစ်မျိုးသည် အယ်ဇိုင်းမားရောဂါ အခြေအနေဆိုးလာမှုကို တစ်နှစ်ခန့်ထိ ထိန်းပေးထားနိုင်ကြောင်း သုတေသနပညာရှင်များက ဖေဖော်ဝါရီ ၁၄ ရက်တွင် ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် Lecanemab နှင့် Donanemab အယ်ဇိုင်းမားဆေးများနှင့်ပတ်သက်၍ ပြုလုပ်ထားသော လက်တွေ့လေ့လာချက်များမှရရှိထားသည့် အချက်အလက်များကို ပြန်လည်ဆန်းစစ် လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ Lecanemab ဆေးသုံးစွဲသူ အယ်ဇိုင်းမားလူနာများသည် လူနာစောင့်အကူအညီမပါဘဲ မိမိဘာသာရပ်တည်နိုင်စွမ်း ၁၀ လထိ ထပ်မံရယူနိုင်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အလားတူ Donanemab ဆေးသုံးစွဲသူလူနာများကမူ လူနာစောင့်အကူအညီမပါဘဲ မိမိဘာသာ ရပ်တည်နိုင်စွမ်း ရှစ်လထိ ထပ်မံရယူနိုင်သည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Lecanemab နှင့် Donanemab ဆေးများသည် ဦးနှောက်အတွင်း အမိုင်လွိုက်ခေါ် ပရိုတင်းများစုစည်းမှုကို ရှင်းလင်းရေးအတွက် လူ့ခုခံအားစနစ်နှင့် တွဲဖက်အလုပ်လုပ်ပေးသော ဆေးများဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# နိုင်ငံတကာ အားကစားသတင်းများ

## ချဲလ်ဆီးကို ဂိုးပြတ်အနိုင်ရခဲ့သည့် ဘရိုက်တန်အသင်း ဥရောပဝင်ခွင့်ရရှိရန်နီးစပ်လာ

**လန်ဒန် ဖေဖော်ဝါရီ ၁၅**

ပရီးမီးယားလိဂ် ပွဲစဉ်အဖြစ် ဘရိုက်တန်အသင်းနှင့် ချဲလ်ဆီးအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ဘရိုက်တန်အသင်းက သုံးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သောကြောင့် အမှတ်ပေးဇယား အဆင့်(၈) ထိရောက်ရှိခဲ့ပြီးဥရောပဝင်ခွင့်ရရှိရန် နီးစပ်နေကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ဘရိုက်တန်အသင်းသည် ပွဲစကတည်းက ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ဖိအားပေးနိုင်ခဲ့ပြီး ပွဲကစားချိန် ၂၇ မိနစ်အရောက်တွင် မီတိုမာနှင့် ပွဲချိန် ၃၈ မိနစ်တွင် ဝဲလ်ဘတ်၏ဖန်တီးပေးမှုမှ တောင်ပံကစားသမား မင်တက်ဟ်က ဒုတိယဂိုးသွင်းယူနိုင်ခဲ့သော်လည်း ချဲလ်ဆီးအသင်း ချေပဂိုး သွင်းယူနိုင်ခြင်းမရှိသဖြင့် ဘရိုက်တန်အသင်းက နှစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ဒုတိယပိုင်းတွင်လည်း ဘရိုက်တန်အသင်းက ပုံစံကောင်းကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ပြီး ချဲလ်ဆီးအသင်းချေပဂိုးရရှိရန် ကြိုးပမ်းခဲ့သော်လည်း တိုက်စစ်ပိုင်းအားနည်းချက်ရှိနေမှုကြောင့် ဂိုးသွင်းယူနိုင်ခြင်းမရှိဘော့ဘဲ ဘရိုက်တန်အသင်းကသာ ပွဲချိန် ၆၃ မိနစ်တွင် ဦးဆောင်ဂိုး ထပ်မံသွင်းယူနိုင်သောကြောင့် သုံးဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး အမှတ်ပေးဇယား အဆင့်(၈) သို့တက်ရောက်နိုင်ခဲ့သည်။

ဘရိုက်တန်အသင်းသည် အမှတ်ပေးပြိုင်ပွဲ ၂၅ ပွဲ ကစားအပြီးတွင် ရမှတ် ၃၇ မှတ်ဖြင့် အဆင့်(၈) တွင် ရပ်တည်နေကာ အဆင့်(၄)မှ ချဲလ်ဆီးအသင်းနှင့် ရမှတ်ခြောက်မှတ်သာ ကွာဟနေကြောင်း သိရသည်။

Ref : Fotmob

Trs : ML

## ONE Friday Fights-97 ပြိုင်ပွဲတွင် ဗယ်ရာကို မြန်မာဖိုက်တာဘရော်နီကာ ဒိုင်အမှတ်ဖြင့်ရှုံးနိမ့်

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ONE Championship က ကြီးမှူးပြီး ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင်ဖေဖော်ဝါရီ ၁၄ရက် ညပိုင်းက ကျင်းပခဲ့သည့် ONE Friday Fights–97 ပြိုင်ပွဲ၌ မြန်မာဖိုက်တာ ဘရော်နီကာသည် ချီလီဖိုက်တာ ဗယ်ရာနှင့် အမ်တန်ဝိတ်တန်းပွဲစဉ်အဖြစ်ထိုးသတ်ခဲ့ရာ ဒိုင်အမှတ်ဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ဘရော်နီကာအနေဖြင့် အစောပိုင်းအချီများတွင် ဖိအားပေး ထိုးသတ်နိုင်ခဲ့သော်လည်း နောက်ပိုင်းအချီများတွင် သက်လုံပိုင်း အားနည်းလာမှုကြောင့် လိုအပ်ချက်များရှိလာခဲ့ပြီး ပြိုင်ဘက်ကစားသမားက ပြန်လည်အသာစီး ရယူနိုင်ခဲ့သည့်အတွက် ချီလီဖိုက်တာက ဒိုင်အမှတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဘရော်နီကာသည် အစောပိုင်းက ထိုင်းနိုင်ငံရှိ Thai Fight နှင့် စာချုပ်ချုပ်ဆိုပြီး မွေထိုင်းပြိုင်ပွဲများတွင် ဝင်ရောက်ထိုးသတ်ခဲ့ရာတွင် အောင်မြင်မှုများရယူနိုင်ခဲ့ပြီး ထိုင်းဘုရင့်ဖလား မွေထိုင်းပြိုင်ပွဲတွင်လည်း ချန်ပီယံဆုကို နှစ်ကြိမ်ထိဆွတ်ခူးနိုင်ခဲ့ကာ စုစုပေါင်းပွဲ ၂၀ ထိုးသတ်ခဲ့ရာ ၁၈ ပွဲထိအနိုင်ရရှိခဲ့ပြီး နှစ်ပွဲရှုံးနိမ့်ခဲ့သည်ထိ အောင်မြင်မှုများ ရယူနိုင်ခဲ့သည်။

ထို့နောက် ဘရော်နီကာသည် Thai Fight နှင့် စာချုပ်ချုပ်သက်တမ်းကုန်ဆုံးကာ လမ်းခွဲခဲ့ပြီးနောက် ONE Championship နှင့် စာချုပ်ချုပ်ဆိုခဲ့ပြီးနောက် ပထမပိုင်း ONE ပွဲစဉ်အဖြစ် ONE Friday Fights–97 ပြိုင်ပွဲတွင် ထိုးသတ်ခွင့်ရရှိခဲ့ပြီး ပွဲဦးထွက်ပွဲစဉ်တွင် ရှုံးပွဲကြုံတွေ့ခဲ့ရခြင်း ဖြစ်ကြောင်း သိရသည်။

STA

### အားကစားသတင်းအတိုအထွာများ

- မန်စီးတီးအသင်းနှင့် ချန်ပီယံလိဂ်ဒုတိယအကျော့ ကစားမည့်ပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်အသင်းမှ ကာလရှည်အနားယူနေရသည့် ရူဒီဂါ၊ အလာဘာနှင့် ဗက်ကွက်စ်တို့ ပြန်လည်ပါဝင်မည်ဖြစ်ကြောင်း သိရသည်။
- မြန်မာဖူဆယ်လိဂ်–၂ ပြိုင်ပွဲ ပွဲစဉ် (၁၂)တွင် TG United အသင်းနှင့်YCDC Marga Youth Fcအသင်းတို့ကစားခဲ့ရာ TG United အသင်းက ခြောက်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ၁၀ ပွဲနိုင်၊ နှစ်ပွဲသရေ ရှုံးပွဲမရှိဖြင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။

ML

## မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၀)တွင် မဟာယူနိုက်တက်အသင်း မြဝတီအက်ဖ်စီအသင်းကို လေးဂိုး တစ်ဂိုးဖြင့်ဂိုးပြတ်အနိုင်ရရှိ



**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၀)အဖြစ် ယနေ့ညနေ ၄နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် မဟာယူနိုက်တက်အသင်းနှင့် မြဝတီအက်ဖ်စီအသင်းတို့ကစားခဲ့ရာ မဟာယူနိုက်တက်အသင်းက လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန် ဖိအားပေးမှုများရှိခဲ့ကာ ပွဲချိန် ၃၇မိနစ်တွင် သီဟအောင်က မြဝတီအက်ဖ်စီအသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း တစ်မိနစ်အကြာ ပွဲချိန် ၃၈ မိနစ်တွင် ကောင်းမြတ်သူက မဟာယူနိုက်တက်အသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် မဟာယူနိုက်တက်အသင်းက ဂိုးပေါက်ခြိမ်းခြောက်မှုအသာဖြင့် ဖိအားပေးကစားခဲ့ရာမှ ပွဲချိန် ၄၇ မိနစ်တွင် ကျော်စွာမင်း၊ ပွဲချိန် ၅၂ မိနစ်တွင် ပက်ထရစ်နှင့် ပွဲချိန် ၅၇ မိနစ်တွင် နေလင်းစိုးတို့က မဟာယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးများဆက်တိုက်သွင်းယူနိုင်ခဲ့ပြီး လက်ကျန်ပွဲချိန်များတွင် မြဝတီအက်ဖ်စီအသင်းအနေဖြင့် ချေပဂိုးများအတွက် ပြန်လည် ဖိအားပေးကစားခဲ့သော်လည်း မဟာယူနိုက်တက်အသင်းက အနိုင်ရလဒ်ကို အကောင်းဆုံးထိန်းချုပ်ကစားနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်၌ မဟာယူနိုက်တက်အသင်းက လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို မဟာယူနိုက်တက်အသင်းမှ ကျော်စွာမင်းက ဆွတ်ခူးနိုင်ခဲ့သည်။

STA

## WBO လိုက်ဝိတ်တန်းကမ္ဘာ့ချန်ပီယံခါးပတ်ကို ကီရှောင်ဒါဗစ်ဆွတ်ခူး

**နယူးယောက် ဖေဖော်ဝါရီ ၁၅**

WBO လိုက်ဝိတ်တန်းကမ္ဘာ့ချန်ပီယံစိန်ခေါ်ပွဲစဉ်အဖြစ် အမေရိကန်လက်ဝှေ့သမား ကီရှောင်ဒါဗစ်နှင့် လက်ရှိချန်ပီယံ ယူကရိန်းလက်ဝှေ့သမားဘီရင်ချော့ခ်တို့ ဖေဖော်ဝါရီ ၁၄ ရက်တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ထိုးသတ်ခဲ့ရာစတုတ္ထအချီမြောက်တွင်ကီရှောင်ဒါဗစ်ကဘီရင်ချော့ခ်အား အလဲထိုးရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကီရှောင်ဒါဗစ်အနေဖြင့် ပရော်ဖက်ရှင်နယ် လက်ဝှေ့လောကတွင် စိန်ခေါ်ပွဲပေါင်း ၁၄ ပွဲထိုးသတ်ထားရာရှုံးပွဲမရှိသေးသည့် စံချိန်မှတ်တမ်းကောင်းကိုလည်း ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။

ဘီရင်ချော့ခ်အနေဖြင့် ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားဘဝတွင် စိန်ခေါ်ပွဲပေါင်း ၂၀ ထိုးသတ်ထားရာ ပထမဆုံးသောရှုံးပွဲဖြင့် ရင်ဆိုင်ခဲ့ရသည်။

ဘီရင်ချော့ခ်အတွက် ပထမဆုံးသောရှုံးပွဲဖြစ်သလိုလက်ရှိချန်ပီယံခါးပတ်ကိုလည်း လက်လွှတ်ဆုံးရှုံးခဲ့ရသည်။

**Mr Yuan Zong Liang (Chinese national)**



My friend from Guangdong, Xu Feng, offered me a job at a restaurant in Mae Sot, Thailand, for 7,000 baht a month. With his arrangement, I flew from Guangdong Airport to Bangkok on July 15, 2024. When I arrived in Bangkok in the afternoon, a Thai man he arranged came to pick me up in a car. At around 7 pm, I reached a stream and took a boat to the other side. When I got to the other side, a man came to pick me up and took me to Ya Htike Company in Shwe Kokko. At that company, I worked online to find Facebook accounts that were going to be scammed. I worked from 10 pm every day until 2 pm the next day and only earned 4,000 baht a month.

**News Team**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ၇၉ နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုပြတိုက်အတွင်း လှည့်လည်ကြည့်ရှုစဉ်။

**ယနေ့ကမ္ဘာ့နိုင်ငံများ၏ မျက်မှောက်အခြေအနေနှင့် မိမိတို့မြန်မာနိုင်ငံ၏ ပကတိအခြေအနေများအရ တိုင်းရင်းသားအားလုံးချစ်ကြည်စွာ စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲစေရန်၊ အမျိုးသားစည်းလုံးညီညွတ်မှုမပြိုကွဲစေရေးတို့အတွက် ပြန်ကြားရေးဝန်ကြီးဌာန၏ ဦးဆောင်မှုနှင့် မီဒီယာပိုင်းက ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ပေးရန် အရေးကြီးသည်ကို မှာကြားလို . . .**

☆ ကျောဖုံးမှအဆက်

တာဝန်ရှိသူများ၊ သတင်းမီဒီယာများ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြားရန်ကုန်ရုံးမှ ဝန်ထမ်းများ၊ ထပ်ဆင့်လွှင့်စက်ရုံများမှ ဝန်ထမ်းများက Online မှတစ်ဆင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့ဝင်များ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းမှ တိုင်းရင်းသားဝန်ထမ်းများနှင့် အနုပညာရှင်များက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ၇၉ နှစ်မြောက်နှစ်ပတ်လည်နေ့ အခမ်းအနားကို ပင်မအဆောက်အအုံရှိ Auditorium ခန်းမ၌ LED Animation ပြသ၍စတင်ဖွင့်လှစ်သည်။ထို့နောက်မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများက“ငြိမ်းချမ်းဝေစည်တို့မြန်ပြည်” တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြပြီး “နိုင်ငံတော်နှင့်ပြည်သူ့အကျိုးအတွက် စဉ်ဆက်မပြတ်ကြိုးပမ်းစွမ်းဆောင်နေသည့် နိုင်ငံတော်မီဒီယာ” Video Clip ကိုပြသသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV Entertainment Channel ရုပ်သံလိုင်းအသစ်၊ MRTV DVB-T2 စနစ်ဖြင့် ရန်ကုန်၊ နေပြည်တော်(ပျဉ်းမနား)နှင့် စစ်ကိုင်း (မန္တလေး) တို့တွင် High Definition(HD) အရည်အသွေးဖြင့် ရုပ်သံလိုင်း ၁၂ လိုင်း ထုတ်လွှင့်နေမှုမှ တစ်လိုင်းထပ်မံတိုးချဲ့၍ Mahar HD ရုပ်သံလိုင်းအသစ်ထုတ်လွှင့်မှုနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ရေဒီယိုထုတ်လွှင့်မှုကို MRTV Radio Application ဖြင့် Onlineလွှင့်တင်မှုတို့အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏အစ “ရန်ကုန်ရေဒီယို (Rangoon Radio)”ကဟု ခေါ်တွင်ခဲ့ရာက “ဗမာ့အသံ (Burma Broadcasting Service -BBS)”ဟု အမည်ပြင်ဆင်ခဲ့သည့် ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်ကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ နှစ်ပတ်လည်နေ့အဖြစ် သတ်မှတ်ပြီး အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ်ကျင်းပခဲ့သည်ကို လေ့လာတွေ့ရှိရကြောင်း။

နေပြည်တော် ကောင်စီနယ်မြေတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ၆၂ နှစ်မြောက် နှစ်ပတ်လည်နေ့ အခါသမယက စတင်ပြီးကျင်းပခဲ့ရာ ယခုအခါ ၁၈ ကြိမ်မြောက်ကျင်းပနိုင်ခဲ့သည်ကိုလည်း ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ယခုလိုအခမ်းအနားကို တက်ရောက်အမှာစကားပြောကြားခွင့်ရသည့်အတွက် ဝမ်းမြောက်ပါကြောင်း ဦးစွာပြောကြားလိုကြောင်း။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် မိမိတို့နိုင်ငံတွင် ကာလရှည်ကြာအစဉ်အလာနှင့်ရပ်တည်ခဲ့သည့် နိုင်ငံပိုင်မီဒီယာဌာနကြီးတစ်ခုဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်တွင် နိုင်ငံတော်နှင့် ပြည်သူ့အတွက် တာဝန်ကျေပွန်ခဲ့သကဲ့သို့ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် နည်းပညာ၊ အတတ်ပညာများနှင့် လိုက်လျောညီထွေ ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲ လိုက်ပါဆောင်ရွက်နိုင်ခဲ့သည်ကိုလည်း တွေ့ရကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ ၇၉ နှစ်ပြည့်မြောက်သည့် သမိုင်းမော်ကွန်းမှတ်တိုင်တစ်ခုကို မားမားမတ်မတ်နှင့် ဝင့်ဝင့်ကြွားကြွားစိုက်ထူနိုင်ခြင်းပင်ဖြစ်သည်ဟု အသိအမှတ်ပြုပြောကြားလိုကြောင်း။

MRTV ၏နှစ်ပတ်လည်နေ့ အခမ်းအနားနေ့များတွင် ပြုပြင်ပြောင်းလဲဆန်းသစ်မှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ရိုက်ကူးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစဉ်။

များကို တစ်နှစ်ထက်တစ်နှစ်၊ တစ်ခုပြီးတစ်ခု တိုးတက်ဖွင့်လှစ်နိုင်ခဲ့ပြီး ပြည်သူကို ပြန်ကြားပေးခြင်း၊ ဖျော်ဖြေပေးခြင်း၊ အသိပညာပေးခြင်းများ ပိုမိုဆောင်ရွက်ပေးနိုင်သည်ကိုလည်း ဝမ်းမြောက်ဖွယ်တွေ့မြင်နေရကြောင်း။

၇၆ နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် နေပြည်တော်၌ လေ့လာဖွယ်ရာ နေရာအသစ်တစ်ခုဖြစ်လာသည့် တစ်မူထူးခြားသော**“MRTV စိန်ရတုပြတိုက်ကြီး”ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်တိုင်တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း၊ တစ်ဆက်တည်းမှာပင် နိုင်ငံတကာရုပ်သံဌာနကြီးများ၏ သတင်းသီးသန့်ရုပ်သံလိုင်းများလို “MRTV News Channel” အသစ်တစ်ခုနှင့် တစ်နိုင်ငံလုံးလွှမ်းခြုံထုတ်လွှင့်နိုင်သည့် ဒစ်ဂျစ်တယ်စနစ်တစ်ခုဖြစ်သော Direct to Home–DTH စနစ်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ရေဒီယိုထုတ်လွှင့်မှုကို MRTV Radio Application ဖြင့် Online လွှင့်တင်မှုအား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ၇၉ နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားအတွက် ငွေကျပ် ၇၅ သိန်းကို ဂုဏ်ပြုချီးမြှင့်ပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ၇၉ နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်တံဆိပ်ကို ဂါရဝပြုပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တူကီယဲနိုင်ငံ အစ္စတန်ဘူမြို့၌ အာရှပစိဖိတ်ရုပ်သံလုပ်ငန်းအဖွဲ့အစည်း AUB မှစီစဉ်ကျင်းပခဲ့သည့် AUB Diversity and Inclusion Media Award 2024 တွင်“Major Workforce Of MRTV” ခေါင်းစဉ်ဖြင့် ထူးချွန်ဆုရရှိခဲ့သည့် MI Channel မှ ဝန်ထမ်းများကိုယ်စား ဦးစီးအရာရှိ ဒေါ်အေးအေးကျင်အား ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တရုတ်နိုင်ငံ CGTN Myanmar မှ စီစဉ်ကျင်းပခဲ့သည့် “မှတ်မိစွဲထင်အမှတ်တရခရီးစဉ်” ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် အသံလွှင့်ဌာနခွဲမှ ဦးစီးအရာရှိ ဒေါ်စုသက်မှူးအား ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်စဉ်။

**နှင့်ထုတ်လွှင့်ပြသနိုင်ရန်“MRTV–DTH”ကို ဖွင့်လှစ်ပေးခဲ့သည်အထိ အားပေးချီးမြှောက်ဂုဏ်ပြုခဲ့သည်ကိုလည်း ဝမ်းမြောက်ဖွယ်တွေ့ရမည်ဖြစ်ကြောင်း၊ ၎င်းသည် နိုင်ငံ့အကြီးအကဲအနေဖြင့် နိုင်ငံပိုင်မီဒီယာအပေါ်တွင် မည်မျှအထိ အလေးထားအားထားကြောင်းကို ပေါ်လွင်ထင်ရှားလျက်ရှိကြောင်း။**

အလားတူ ၇၇ နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင်လည်း MRTV News Channel ကို အရန်စတူဒီယိုမှတစ်ဆင့် ထုတ်လွှင့်နေရာမှ “MRTV News Channel Studio” အသစ်တစ်ခုကို သီးသန့်အသုံးပြုထုတ်လွှင့်နိုင်ရန် ဖွင့်လှစ်ပေးနိုင်ခဲ့သည်ကို တွေ့ရကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ၇၈ နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင်လည်း အာဆီယံနိုင်ငံများက “Analogue Switch Off–ASO”ဟုခေါ်သည့် Analogue စနစ်နှင့် ရုပ်သံထုတ်လွှင့်မှုရပ်ဆိုင်းပြီး Digital စနစ်နှင့်ထုတ်လွှင့်ရန် သဘောတူညီထားကြသည့်အတိုင်း နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီး သုံးမြို့အတွက် ထပ်ဆင့်လွှင့်စက်ရုံ သုံးရုံမှ ထုတ်လွှင့်မှုကို စတင်ရပ်ဆိုင်းနိုင်ရန် Pilot Project အဖြစ် ကြေညာလုပ်ဆောင်ခဲ့သည်ကို တွေ့ရကြောင်း၊ တစ်ဆက်တည်းမှာပင် အဆိုပါမြို့ကြီး သုံးမြို့တွင် မူလက Digital Video Broadcasting Terrestrial–2(DVB–T2) စနစ်ဖြင့် ထုတ်လွှင့်နေသည့် ရုပ်သံ ၁၈ လိုင်းတွင် High Definition (HD)Quality နှင့် ရုပ်သံလိုင်း နှစ်လိုင်းသာ ထုတ်လွှင့်နိုင်ခဲ့ရာမှHD နှင့် ၁၁ လိုင်းအထိ အဆင့်မြှင့်တင်ပြီး တိုးချဲ့ထုတ်လွှင့်ပေးခဲ့သည်ကို တွေ့ရကြောင်း၊ ထို့ပြင် Direct To Home (DTH) စနစ်ဖြင့် ရုပ်သံလိုင်း ခုနစ်လိုင်းသာထုတ်လွှင့်နေရာမှ ရုပ်သံလိုင်း ၁၉ လိုင်းအထိ တိုးချဲ့ထုတ်လွှင့်နိုင်ရန် ဖွင့်လှစ်ပေးခဲ့သည်ကိုလည်း ဂုဏ်ယူဖွယ်တွေ့မြင်ရကြောင်း။

ယနေ့ ၇၉ နှစ်မြောက် နှစ်ပတ်လည် အခမ်းအနားတွင် MRTV ၏DVB–T2 စနစ်နှင့် ထုတ်လွှင့်မှုတွင် မူလက ၁၈ လိုင်းနှင့် ထုတ်လွှင့်ခဲ့ရာကနေ တစ်လိုင်းထပ်မံတိုးချဲ့ပြီး “MRTV Entertainment Channel(me)” အသစ်တစ်လိုင်းကိုHD အရည်အသွေးနှင့် ထုတ်လွှင့်နိုင်ရန် ယနေ့တွင်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့ပြင် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီး သုံးမြို့တွင် (Standard Definition–SD) အရည်အသွေးနှင့်ထုတ်လွှင့်နေရာက အရည်အသွေးမြင့် (High Definition–HD) ရုပ်သံလိုင်း သုံးလိုင်းအဖြစ် ပြောင်းလဲနိုင်ခဲ့ပြီး ၎င်းအနက်တစ်လိုင်းကို မဟာရုပ်သံအတွက် ခွင့်ပြုပေးကာ ယနေ့တွင်ပင် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း။

MRTV ၏ Broadcast Media များဖြစ်သည့်TV နှင့် Radio တို့မှ ထုတ်လွှင့်ခဲ့ရာက ခေတ်နှင့်အညီ လူတိုင်းလက်လှမ်းမီစွာ အရှိန်အဟုန်နှင့် အသုံးပြုလာကြသည့် Mobile Phone များပေါ်တွင်“MRTV Application”နှင့် ကြည့်ရှုနိုင်ရန် စတင်ထုတ်လွှင့်ပေးခဲ့ရာ ယခုအခါ ရေဒီယိုကဏ္ဍကို သီးခြားခွဲထုတ်ပြီး “MRTV Radio Application” ကိုလည်း တစ်ဆက်တည်း ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း။

ထိုသို့ ဆောင်ရွက်နိုင်ခဲ့ခြင်းသည် ပြန်ကြားရေးဝန်ကြီးဌာနနှင့် MRTV က ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးစီးပွားကို ဦးထိပ်ပန်ဆင်ပြီး မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆန်းသစ်တီထွင်လိုစိတ်နှင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ကြိုးပမ်းထမ်းဆောင်နိုင်ကြသဖြင့် ထွက်ပေါ်လာသည့် အောင်မြင်မှုရလဒ်များဖြစ်ကြောင်း အသိအမှတ်ပြုပြောကြားလိုကြောင်း။

ယခုအခါတွင် MRTV သည် ပြန်ကြားရေးဝန်ကြီးဌာန၏ ပြုပြင်ပြောင်းလဲဆောင်ရွက်မှုဖြစ်သော နုပျိုသစ်လွင်ပြီး သွက်လက်ထက်မြက်သော၊ ဆန်းသစ်ခေတ်မီသော နိုင်ငံတော် မီဒီယာပုံစံအသစ်နှင့်အညီ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်ကိုတွေ့ရကြောင်း၊ မူလရည်မှန်းချက်သုံးရပ်ဖြစ်သည့် သတင်းအချက်အလက်များ ပြန်ကြားပေးရန်၊ အသိပညာမျှဝေပေးရန်နှင့် ဖျော်ဖြေပေးရန် တာဝန်များကို ရုပ်မြင်သံကြား၊ ရေဒီယိုနှင့်New Media ဖြစ်သည့် Online Media များကနေ ထုတ်လွှင့်တင်ဆက်ပေးနိုင်သည့်အပြင် နိုင်ငံတော်၏ နေ့ကြီးရက်ကြီး၊ အခမ်းအနားကြီးများတွင်လည်း ကဏ္ဍစုံကနေ တက်ကြွစွာပါဝင်ဆောင်ရွက်နေသည်ကို ဂုဏ်ယူဖွယ်တွေ့ရကြောင်း။

ထို့ပြင် နိုင်ငံတော်၏ ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွန့်စွန့်စားစား ထမ်းဆောင်နေကြသည့် **စာမျက်နှာ ၁၈ သို့**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အခမ်းအနားတက်ရောက်လာကြသူများက မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများ၏ သီဆိုကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း MTRV Multiplayout Package တွင် မူလရုပ်သံလိုင်း ၁၈ လိုင်းမှ ၁၉ လိုင်းထိ တိုးချဲ့ထုတ်လွှင့်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် စက်မှုဌာနခွဲ၊Earth Station ဌာနစိတ်မှ ဝန်ထမ်းများကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နေပြည်တော် (ပျဉ်းမနား)၊ ရန်ကုန်နှင့်စစ်ကိုင်း(မန္တလေး) မြို့တို့တွင် HD ရုပ်သံလိုင်း သုံးလိုင်း တိုးမြှင့်ထုတ်လွှင့်နိုင်ရန် ကြိုးပမ်းခဲ့သော လွှင့်စက်ပြုပြင်ထိန်းသိမ်းရေးဌာနစိတ်မှ ဝန်ထမ်းများကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ခဲ့ကြသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

ထိုသို့ သမိုင်းအစဉ်အလာကောင်းသည့် မြန်မာနိုင်ငံ၏ အတိတ်သမိုင်းကို မပျက်ယွင်းစေဘဲ သမိုင်းပေးတာဝန်ကို ကျေပွန်အောင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ အနာဂတ်သမိုင်းကြောင်းကောင်းအောင်၊ အခြားနိုင်ငံများနည်းတူ တန်းတူဖွံ့ဖြိုးတိုးတက်လာအောင်၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲအောင် စည်းလုံးညီညွတ်သည့် အမျိုးသားရေးစိတ်ဓာတ်နှင့် အတူတကွလက်တွဲ အကောင်အထည်ဖော်ကြရန်လိုကြောင်း။

အမိနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်မှာ နိုင်ငံတစ်ဝန်းလုံးတွင် နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဆန္ဒအမှန်ဖြစ်သကဲ့သို့ တောင်ပေါ်မြေပြန့် တိုင်းရင်းသားအားလုံးက ညီရင်းအစ်ကို မောင်ရင်းနှမသဖွယ် ချစ်ခင်ရင်းနှီးစွာ အတူတကွ နေထိုင်လိုကြသည့် ဆန္ဒအမှန်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များနှင့် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ၇၉ နှစ်မြောက်နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် တည်ခင်းဧည့်ခံသည့် နေ့လယ်စာကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းများနှင့်အတူ ရင်းရင်းနှီးနှီးသုံးဆောင်စဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

"တပ်မတော်သား"များအတွက် ရှေ့တန်းစစ်မြေပြင်၊ တပ်စခန်းနေရာများအထိ သွားရောက်ဖျော်ဖြေပြီး စိတ်ဓာတ်ခွန်အားမြှင့်တင်ပေးခြင်း၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်တွင် တက်ရောက်နေကြသည့် "နိုင်ငံ့ဝန်ထမ်း"များ အပန်းပြေစေရန် ဖျော်ဖြေတင်ဆက်ပေးခြင်း၊ အနာဂတ်နိုင်ငံတော်တွင် အားကိုးအားထားပြုရမည့် "လူရည်ချွန်"များ ပျော်ရွှင်လန်းဆန်းတက်ကြွ စေရန် အပန်းဖြေစခန်းများအထိ သွားရောက် ဖျော်ဖြေပေးခြင်းစသည့် ပြည်သူ့ဆက်ဆံရေး လုပ်ငန်းများကိုလည်း ထဲထဲဝင်ဝင် တိုးမြှင့်ဆောင်ရွက်ပေးသည်ကို တွေ့မြင်နေရသည့်အပြင် MRTV အနေဖြင့် တိုင်းရင်းသား ဘာသာစကား ၁၈ မျိုး အပါအဝင် စုစုပေါင်း ဘာသာစကားအမျိုး ၂၀ ဖြင့် ထုတ်လွှင့်နိုင်ခြင်းသည်လည်း ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း။

**ယနေ့ကမ္ဘာ့နိုင်ငံများ၏ မျက်မှောက်အခြေအနေနှင့် မိမိတို့မြန်မာနိုင်ငံ၏ ပကတိအခြေအနေများအရ တိုင်းရင်းသားအားလုံး ချစ်ကြည်စွာစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲစေရန်၊ အမျိုးသားစည်းလုံးညီညွတ်မှုမပြိုကွဲစေရေးတို့အတွက် ပြန်ကြားရေးဝန်ကြီးဌာန၏ ဦးဆောင်မှုနှင့်မီဒီယာပိုင်းက ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ပေးရန် အရေးကြီးသည်ကို မှာကြားလိုကြောင်း၊** မိမိတို့မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်း တစ်ရာကျော်သည် တစ်မြေတည်းနေ၊တစ်ရေတည်းသောက်ကြသည့် အေးအတူပူအမျှ ဥမကွဲသိုက်မပျက် ချစ်ကြည်ရင်းနှီးစွာဖြင့် နှစ်ပေါင်းထောင်ချီပြီး စုပေါင်းနေထိုင်ခဲ့ကြသည်ကို အားလုံးသိရှိကြပြီးဖြစ်ကြောင်း။

သမိုင်းကြောင်း အစဉ်အလာအရ ပြည်နယ်နှင့်တိုင်းဒေသကြီးများ စုပေါင်းတည်ဆောက်ထားသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ပြိုကွဲပျက်စီးမည့် အခြေအနေအမျိုးမျိုး ကြုံတွေ့ခဲ့ရချိန်တိုင်းတွင် တပ်မတော်နှင့်အတူ နိုင်ငံနှင့်ပြည်သူကို ချစ်မြတ်နိုးကြသည့် မြန်မာနိုင်ငံသားအားလုံးက (We are Myanmar)ဆိုသည့် မြန်မာစိတ်၊ တစ်သွေးတစ်သားတည်းစိတ်၊ စုစည်းညီညွတ်သည့်စိတ်၊ စည်းလုံးညီညွတ်သည့်စိတ်၊ စိတ်ဝမ်းမကွဲပြားသော စိတ်ဓာတ်အားမာန်များနှင့် စုပေါင်းပြီးလည်းဖြစ်ကြောင်း။

သို့သော်ယခုအချိန်တွင် တိုင်းရင်းသားပြည်သူများအတွင်း အချင်းချင်းသံသယဝင်အောင်၊ သွေးကွဲအောင်၊ မုန်းတီးမှုများဖြစ်လာအောင် သွေးခွဲရန်တိုက်မှုများ၊ မြှောက်ပင့်သွေးထိုးမှုများ၊ အကြမ်းဖက်တိုက်ခိုက်မှုများကို ပြည်တွင်းပြည်ပကစွက်ဖက်မှုမျိုးစုံနှင့် ပြုလုပ်နေကြသည်မှာ အထူးသဖြင့် ပြည်ဖျက်မီဒီယာများက သတင်းတု၊သတင်းမှားများနှင့် ကောလာဟလများကို မဟုတ်မမှန်ထုတ်ဖော်ပြသခြင်း၊

**စာမျက်နှာ ၁၉ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အခမ်းအနား တက်ရောက်လာကြသူများ အသံသွင်း Studio တွင် "အရုပ်မျက်နှာ ပန်းမျက်နှာ"အသံသွင်းဇာတ်လမ်း သရုပ်ပြအသံသွင်းနေမှုကို ကြည့်ရှုအားပေးစဉ်။

**နိုင်ငံတော်၏ သမိုင်းကြောင်းနှင့်အတူ ခေတ်အဆက်ဆက်ဖြတ်သန်းခဲ့သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ပြောင်းလဲတိုးတက်နေသော နည်းပညာများနှင့်အညီ လိုက်ပါအသုံးပြုပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို အမြင်သစ်၊ အသွင်သဏ္ဌာန်အသစ်များနှင့် ဖန်တီးထုတ်လုပ်ပြီး ဆန်းသစ်တင်ဆက်နိုင်အောင် ကြိုးပမ်းဆောင်ရွက် . . .**

**စာမျက်နှာ ၁၈ မှအဆက်**

သတင်းမှားများ တင်ဆက်ခြင်းများကလည်း မိမိတို့နိုင်ငံအတွက် အလွန်အင်မတန်မှ ကြီးမားသည့်အန္တရာယ်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင် သံကြားအပါအဝင်ဝန်ကြီးဌာနအောက်ရှိဌာနအသီးသီး အနေဖြင့် နိုင်ငံတော်မီဒီယာဖြစ်သည်နှင့်အညီ ပြည်ထောင်စုကြီး မပြိုကွဲအောင်၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲအောင်၊ နိုင်ငံတော်နှင့် ပြည်သူအတွက် ဆက်လက် ကြိုးပမ်းအကောင်အထည်ဖော်ပေးကြရန် အထူးမှာကြားလိုကြောင်း။

MRTVအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ခေတ်အဆက်ဆက်က MRTV ၏ ဝန်ထမ်းဟောင်းများက သူ့ခေတ်သူ့အခါအလိုက် တာဝန်ကျေပွန်ခဲ့ကြသည်ကို အသိအမှတ်ပြုပြောကြားလိုကြောင်း၊ ဆက်လက်၍လည်း MRTV၏ မျိုးဆက်သစ်ဝန်ထမ်းများကလည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အလျှင်အမြန် ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်စေရန်၊ ရေရှည်တည်တံ့ခိုင်မြဲစေရန်၊ သမိုင်းပေးတာဝန်များကို ကျေပွန်အောင် ဆက်လက်ထမ်းဆောင်ကြရန် ထပ်ဆင့်မှာကြားလိုကြောင်း။

ရုပ်မြင်သံကြားထုတ်လွှင့်ရာတွင် Professional ဖြစ်ရန်နှင့် မိမိတို့ထုတ်လွှင့်လိုက်သည့် အစီအစဉ်များသည် လူအများ စိတ်ဝင်စားပြီး လူကြီးလူငယ်၊ လူရွယ်လူလတ်အားလုံး လွယ်လွယ်ကူကူ သိရှိနားလည်မှတ်သားစေနိုင်မည့် အစီအစဉ်များဖြစ်ရန်လိုကြောင်း၊ ထို့ကြောင့် နိုင်ငံတကာက သတင်းထုတ်လွှင့်မှုများကို လေ့လာပြီး မိမိတို့၏အားနည်းချက်များကို အားသာချက်များအဖြစ် တိုးတက်အောင် ဆက်လက် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ယနေ့ကာလသည် နည်းပညာခေတ်ဖြစ်ပြီး AI ခေတ်ကို ရောက်ရှိနေပြီဖြစ်ကြောင်း၊MRTV သည် နည်းပညာအခြေခံဖြင့် လုပ်ဆောင်နေရသည်ဖြစ်၍ ဝန်ထမ်းများအနေဖြင့် နည်းပညာနှင့်အတတ်ပညာများကို ခေတ်နှင့်အညီ လိုက်ပါဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ပြင် ရုပ်မြင်သံကြား ထုတ်လွှင့်ရေးလုပ်ငန်းများကို အတွေ့အကြုံကောင်းကောင်း၊ အသိအမြင်ကျယ်ကျယ်နှင့် ဆောင်ရွက်သွားကြရန်လည်း လိုအပ်သည့်အတွက် လေ့လာဆည်းပူးခြင်းနှင့် ဖတ်မှတ်လေ့လာမှုများကို အလေ့အကျင့်ဖြစ်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် အသံနေအသံထားနှင့် အသံထွက်၊ အဖြတ်အတောက်များ မှန်ကန်ရန်နှင့် ရုပ်ရည်အနေအထားကလည်း တည်တည်ကြည်ကြည်၊ ပျော့ပျော့ပျောင်းပျောင်း၊ နားထောင်ကြည့်ရှုနေသူများကို ဆွဲဆောင်မှုရှိပါက မိမိတို့၏ထုတ်လွှင့်မှုများသည် ပိုမိုထိရောက်မည်ဖြစ်ကြောင်း။

**နိုင်ငံတော်၏ သမိုင်းကြောင်းနှင့်အတူ ခေတ်အဆက်ဆက် ဖြတ်သန်းခဲ့သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ပြောင်းလဲတိုးတက်နေသော နည်းပညာများနှင့်အညီ လိုက်ပါအသုံးပြုပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို အမြင်သစ်၊ အသွင်သဏ္ဌာန်အသစ်များနှင့် ဖန်တီးထုတ်လုပ်ပြီး ဆန်းသစ်တင်ဆက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်** လိုကြောင်း။

မြန်မာနိုင်ငံတွင် မီဒီယာနှင့်အနုပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးရာ၊ ပန်းပေါင်းစုံဖူးပွင့်လန်းဆန်းရာ ပန်းဥယျာဉ်ကြီးသဖွယ်ဖြစ်အောင်၊ ပြည်သူများအားကိုးအားထားပြုရသောတိုင်းကျိုးပြည်ပြုဝန်ဆောင်မှုပြုနေသည့် မြန်မာနိုင်ငံ၏ စတုတ္ထမဏ္ဍိုင်တစ်ခုဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူလူထုအားလုံးအပြင် ပြည်ပနိုင်ငံများတွင်ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားများနှင့် ကမ္ဘာ့နိုင်ငံသူ၊ နိုင်ငံသားများအတွက် သတင်းအချက်အလက်အပါအဝင် အသိပညာဗဟုသုတများမျှဝေပေးခြင်း၊ ဖျော်ဖြေတင်ဆက်ပေးခြင်းများနှင့် ပရိသတ်များ၏ စိတ်နှလုံးတွင် မှတ်မှတ်ထင်ထင် စွဲစွဲမြဲမြဲဖြစ်အောင် စွမ်းဆောင်ပေးကြရန်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ၇၉ နှစ်မြောက်သည့် နှစ်ပတ်လည်နေ့မှသည် ရှေ့ရာစုနှစ်ပေါင်းများစွာအထိ ကောင်းသတင်းများ မွှေးပျံ့မှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှု၊ အောင်မြင်စွာ လျှောက်လှမ်းမှုတို့နှင့် တင့်တင့်တယ်တယ် ရှင်သန်ရပ်တည်နိုင်ပါစေရန် ဆန္ဒပြုဆုမွန်ကောင်း တောင်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ၇၉ နှစ်မြောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားအတွက် ငွေကျပ် ၇၅ သိန်းကို ဂုဏ်ပြုချီးမြှင့်ပေးအပ်ရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လက်ခံရယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်ထံ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ၇၉ နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်တံဆိပ်ကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က MTRV Multiplayout Package တွင် မူလ ရုပ်သံလိုင်း ၁၈ လိုင်းမှ ၁၉ လိုင်းထိ တိုးချဲ့ထုတ်လွှင့်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်စက်မှုဌာနခွဲ၊Earth Station ဌာနစိတ်မှ ဝန်ထမ်းများ၊ နေပြည်တော် (ပျဉ်းမနား)၊ ရန်ကုန်နှင့်စစ်ကိုင်း(မန္တလေး) မြို့တို့တွင် HD ရုပ်သံလိုင်းသုံးလိုင်း တိုးမြှင့်ထုတ်လွှင့်နိုင်ရန်ကြိုးပမ်းခဲ့သော လွှင့်စက်ပြုပြင်ထိန်းသိမ်းရေးဌာနစိတ်မှ ဝန်ထမ်းများ၊ တူကီယဲနိုင်ငံ အစ္စတန်ဘူမြို့၌ အာရှပစိဖိတ်ရုပ်သံလုပ်ငန်း အဖွဲ့အစည်း AUB မှစီစဉ်ကျင်းပခဲ့သည့် AUB Diversity and Inclusion Media Award 2024 တွင် "Major Workforce Of MRTV" ခေါင်းစဉ်ဖြင့် ထူးချွန်ဆုရရှိခဲ့သည့် MI Channel မှ ဝန်ထမ်းများကိုယ်စား ဦးစီးအရာရှိ ဒေါ်အေးအေးကျင်၊ တရုတ်နိုင်ငံ CGTN Myanmar မှ စီစဉ်ကျင်းပခဲ့သည့် "မှတ်မိစွဲထင် အမှတ်တရခရီးစဉ်" ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် အသံလွှင့်ဌာနခွဲမှ ဦးစီးအရာရှိ ဒေါ်စုသက်မှူးတို့ကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်မြဝတီတေးဂီတအဖွဲ့နှင့်ပြင်ပအနုပညာရှင်များက မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ နိုင်ငံတော်သံစုံတီးဝိုင်း၊ နိုင်ငံတော်ဆိုင်းဝိုင်းကြီးနှင့် ခေတ်ပေါ်တေးဂီတအဖွဲ့တို့ဖြင့် တွဲဖက်၍ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များနှင့် ဖျော်ဖြေရေးအဖွဲ့များကို ဂုဏ်ပြုပန်းခြင်းပေးအပ်ပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ သတင်းစတူဒီယိုများ၊ ထုတ်လွှင့်ခန်းများ၊ Convergence News Room အခန်းများကိုလေ့လာခြင်း၊ MSME Promo များအား မြန်မာနှင့် တိုင်းရင်းသားဘာသာများဖြင့် ရိုက်ကူးထုတ်လုပ်နေမှုများ၊ AI နည်းပညာဖြင့် ရုပ်သံထုတ်လွှင့်နိုင်ရန် လေ့လာစမ်းသပ်နေမှုများ၊ အသံသွင်း Studio တွင် "အရုပ်မျက်နှာပန်းမျက်နှာ" အသံသွင်းဇာတ်လမ်း သရုပ်ပြအသံသွင်းနေမှုများကို လိုက်လံကြည့်ရှုရာ ကဏ္ဍအလိုက် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြကြမှုများအပေါ် လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ၇၉ နှစ်မြောက်နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် တည်ခင်းဧည့်ခံသည့်နေ့လယ်စာကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းများနှင့်အတူ ရင်းရင်းနှီးနှီး သုံးဆောင်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုပြတိုက်အတွင်း လေ့လာကြရာ တာဝန်ရှိသူများကလိုက်လံရှင်းလင်းပြသကြသည်။


မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော ရေဒီယိုနှင့် ရုပ်သံလွှင့်လုပ်ငန်းတစ်ခုဖြစ်ပြီး ပြန်ကြားပေးရန်၊ အသိပညာပေးရန်၊ ဖျော်ဖြေပေးရန်၊ ရည်မှန်းချက်များနှင့်အညီ ထုတ်လွှင့်တင်ဆက်လျက်ရှိသည်။

၁၉၄၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ရန်ကုန်ရေဒီယို (Rangoon Radio)မှ ဗမာ့အသံ (Burma Broadcasting Services –BBS)အမည်ဖြင့် စတင်အသုံးပြုခဲ့ပြီး ၁၉၈၀ ပြည့်နှစ် နိုဝင်ဘာ ၁ ရက်တွင် ရောင်စုံရုပ်မြင်သံကြားအဖြစ် စတင်ပုံမှန်ထုတ်လွှင့်ခဲ့သည်။ ယခုအခါ MRTV HD၊ MRTV News၊ MRTV NRC၊ MRTV Farmers'၊ MRTV Parliament၊ MRTV Sports ရုပ်သံလိုင်းများနှင့် ဖက်စပ်ရုပ်သံလိုင်းအဖြစ် အင်္ဂလိပ်ဘာသာဖြင့် ထုတ်လွှင့်သည့် MITV ရုပ်သံလိုင်းများထုတ်လွှင့်လျက်ရှိပြီး မြန်မာ့အသံရေဒီယို၊ သပြေရေဒီယို၊ အင်္ဂလိပ်ဘာသာဖြင့် ထုတ်လွှင့်သည့် Myanma Radio၊ တိုင်းရင်းသားဘာသာ ၁၇ မျိုးပါဝင်သည့် တိုင်းရင်းသားဘာသာ အစီအစဉ်များကို ထုတ်လွှင့်ပေးလျက်ရှိသည်။

ပြည်သူများ အရုပ်၊ အသံအရည်အသွေးကောင်းမွန်သည့် အစီအစဉ်များ ဖမ်းယူကြည့်ရှုနားဆင်နိုင်ရန် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ လက်ရှိထုတ်လွှင့်နေသည့် DVB T2စနစ်တွင် HD Qualityဖြင့် ဌာနပိုင်ရုပ်သံလိုင်းများနှင့် ဆက်စပ်ရုပ်သံလိုင်းများ အပါအဝင် ၁၈ လိုင်း ထုတ်လွှင့်ရာမှ တိုးချဲ့ Mahar HD ရုပ်သံလိုင်းသစ်ကို ယနေ့ စတင်ထည့်သွင်းထုတ်လွှင့်ခြင်းဖြစ်သည်။

ထို့ပြင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV DTH Platform တွင် ဌာနပိုင်နှင့် ပုဂ္ဂလိကရုပ်သံလိုင်းများ အပါအဝင် စုစုပေါင်း ရုပ်သံလိုင်း ၁၉ လိုင်းဖြင့် ထုတ်လွှင့်လျက်ရှိရာမှ MRTV ၏ ဖျော်ဖြေရေးသီးသန့်ရုပ်သံလိုင်း MRTV Entertainment Channel ကို တိုးချဲ့ထုတ်လွှင့်ခဲ့ခြင်းဖြစ်သည်။ အလားတူ ပြောင်းလဲလာသည့် ခေတ်နှင့်အညီ Online Media ဖြင့်လည်း လွှင့်တင်လျက်ရှိရာ MRTV Application (MRTV App)နှင့်MRTV Web Portal၊ Facebook၊ Telegram၊ Tiktok တို့အပြင် ရေဒီယိုသီးသန့် နားဆင်နိုင်မည့် MRTV RADIO APP ကိုလည်း စတင်လွှင့်တင်ခဲ့ခြင်းဖြစ်သည်။

ယနေ့အချိန်တွင် သတင်းအချက်အလက်များ ပြန်ကြားပေးရန်၊ အသိပညာမျှဝေပေးရန်၊ ဖျော်ဖြေပေးရန် စသည့် ရည်ရွယ်ချက်များဖြင့် ၁၉၄၆ ခုနှစ်မှစတင်ရှင်သန်ပေါက်ဖွားလာခဲ့သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV သည် ၇၉ နှစ်တိုင်ခဲ့ပြီဖြစ်ပြီး ခေတ်အဆက်ဆက်တွင် တိုးတက်ပြောင်းလဲမှုများနှင့် နိုင်ငံပိုင်မီဒီယာကြီးတစ်ခုအဖြစ် မားမားမတ်မတ် ရပ်တည်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)




ရွှေတိဂုံစေတီတော်မြတ်ကြီး အထက်ပစ္စယံရှိ ပတ္တမြားမျက်ရှင်ရုပ်ပွားတော်မြတ်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဖူးမြော်ကြည်ညိုစဉ်။

ရှေ့ဖုံးမှအဆက်

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များကို ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတီတော်မြတ်ကြီးအထက်ပစ္စယံရှိ ပတ္တမြားမျက်ရှင်ရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကာ မြသပိတ်ဆွမ်းတော်၊ ပန်း၊ ရေချမ်းတို့ကို ကပ်လှူပူဇော်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ငြမ်းစေတီပေါ်သို့ တက်ရောက်၍ စေတီတော်ကြီးလုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူပူဇော်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်မြတ်ကြီး စိန်ဖူးတော်မြတ်၏ ကြံ့ခိုင်မှုအား ကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရွှေတိဂုံစေတီတော်မြတ်ကြီး စိန်ဖူးတော်မြတ်၏ ကြံ့ခိုင်မှုကို ကြည့်ရှုစစ်ဆေးဖူးမြော်ကြည်ညိုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရွှေတိဂုံစေတီတော်မြတ်ကြီး စိန်ဖူးတော်မြတ်အား စိန်၊ ရွှေ၊ ကျောက်သံ ပတ္တမြားများနှင့် သာသနာရေးဆိုင်ရာပစ္စည်းများကို ကပ်လှူပူဇော်ကာ ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွှေတိဂုံစေတီတော်မြတ်ကြီး ငှက်ပျောဖူးတော်နေရာ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ သားသမီးမြေးတစ်စုတို့က လှူဒါန်းသည့် ရွှေစင် ခြောက်ကျပ်သားရှိ ရွှေပြားသင်္ကန်းတော် နှစ်ချပ်ကို ကပ်လှူပူဇော်စဉ်။

ဖူးမြော်ကြည်ညိုပြီး စိန်၊ ရွှေ၊ ကျောက်သံ ပတ္တမြားများနှင့် သာသနာရေးဆိုင်ရာ ပစ္စည်းများကို ကပ်လှူပူဇော်ကာ ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ငြမ်းစေတီအထက်မှ ရန်ကုန်မြို့၏ မြို့ပြဖွံ့ဖြိုးတိုးတက်မှု မြင်ကွင်းများကို ကြည့်ရှုပြီး မြို့သာယာလှပရေးနှင့်အဆင့်မြှင့်တင်နိုင်ရေး ဆက်လက်ဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးပြောကြားသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်ငှက်မြတ်နားတော်မြတ်၏ ကြံ့ခိုင်မှုများနှင့် ယခင် အလှူရှင်များ၏ လှူဒါန်းမှုများကို ကြည်ညိုသဒ္ဓါတရား ပွားများဖူးမြော်ကြည်ညိုသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရွှေတိဂုံစေတီတော်မြတ်ကြီး ငှက်ပျောဖူးတော်နေရာ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ သားသမီးမြေးတစ်စုတို့က လှူဒါန်းသည့် ရွှေစင်ခြောက်ကျပ်သားရှိ ရွှေပြားသင်္ကန်းတော်နှစ်ချပ်ကို ကပ်လှူပူဇော်ပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များကို သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဂေါပကအဖွဲ့ဝင်များက ရွှေတိဂုံစေတီတော်မြတ်ကြီးအား ခေတ်အဆက်ဆက် ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ခဲ့မှုနှင့် ယခု ၂၀၂၄-၂၀၂၅ ခုနှစ် လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူပူဇော်ပြီးစီးမှုအခြေအနေများကို တင်ပြရာ၌ လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူရန်အတွက် ခြောက်ကျပ်သားရှိ တစ်ပေပတ်လည်ရွှေပြား(Gold Plate)အနေဖြင့် စုစုပေါင်း အချပ် ၁၂၀၀ လိုအပ်မည်ဖြစ်ပြီး ယခုလက်ရှိ ကပ်လှူပြီးစီးမှုမှာ ၁၀၆၀ ဖြစ်သဖြင့်

**စာမျက်နှာ ၂၁ သို့**







ရွှေတိဂုံစေတီတော်မြတ်ကြီး ငှက်မြတ်နားတော်၌ ယခင်အလှူရှင်များ လှူဒါန်းထားမှုကို ကြည်ညိုသဒ္ဓါပွားဖွယ် ဖူးတွေ့ရစဉ်။

**စာမျက်နှာ ၂၀ မှအဆက်**

ကပ်လှူရန်ကျန် အချပ် ၁၄၀ လိုအပ်လျက်ရှိမှု၊ တစ်ကျပ်သားရှိ ရွှေစင်ပြား (Gold Coating)အနေဖြင့် စုစုပေါင်း ၁၀၀၀၀ ချပ် လိုအပ်မည်ဖြစ်ပြီး ယခုလက်ရှိကပ်လှူပြီးစီးမှုမှာ အချပ် ၇၅၀၀ ဖြစ်သဖြင့် ကပ်လှူရန်ကျန် အချပ် ၂၅၀၀ လိုအပ်လျက်ရှိမှု၊ စေတနာရှင် အလှူရှင်များအနေဖြင့် ခြောက်ကျပ်သားရှိ တစ်ပေပတ်လည်ရွှေပြား(Gold Plate) တစ်ချပ်လျှင် ငွေကျပ်သိန်း ၁၅၀ နှုန်း၊ တစ်ကျပ်သားရှိ ရွှေစင်ပြား(Gold Coating) တစ်ချပ်လျှင် ငွေကျပ် ၂၅ သိန်းနှုန်းဖြင့် လှူဒါန်းနိုင်မှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးအတွင်း လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် သန့်ရှင်းသပ်ရပ်မှုရှိစေရေး မပြတ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားသည်။

ရွှေတိဂုံ စေတီတော်မြတ်ကြီးသည် မြန်မာနိုင်ငံနှင့် ရန်ကုန်မြို့တို့၏ အထင်ကရစေတီတော်မြတ်ကြီးဖြစ်ပြီး ခေတ်အဆက်ဆက်မင်းများ၊ အစိုးရများနှင့် စေတနာရှင်ပြည်သူများက အစဉ်အဆက် ပြုပြင်မွမ်းမံ ထိန်းသိမ်းခဲ့ကြခြင်းဖြစ်ကြောင်း၊ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းတော်ကပ်လှူပူဇော်မှုအနေဖြင့် ခရစ်နှစ် ၁၈၉၉ ခုနှစ်တွင် ငှက်ပျောဖူးတော်ကို ရွှေပြားသင်္ကန်းဖြင့် စတင်ကပ်လှူပူဇော်ခဲ့ခြင်းဖြစ်ပြီး ၁၉၃၆ ခုနှစ်တွင် ဒုတိယဖောင်းရစ်အထိ ရွှေပြားကပ်လှူပူဇော်ခဲ့ကြောင်း၊ထို့နောက် ၁၉၄၉ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်ထိ သုံးနှစ်လျှင် တစ်ကြိမ်၊ လေးနှစ်လျှင် တစ်ကြိမ် ရွှေသင်္ကန်းကပ်လှူပူဇော်ခဲ့ကြကြောင်း၊ ယင်းနောက် ၁၉၈၀ ပြည့်နှစ်မှ ၂၀၁၉ ခုနှစ်ထိ လေးနှစ်လျှင် တစ်ကြိမ်၊ငါးနှစ်လျှင် တစ်ကြိမ် ရွှေသင်္ကန်းကပ်လှူပူဇော်ခဲ့ကြပြီး ယင်းကာလအတွင်း နာဂစ်မုန်တိုင်းကဲ့သို့ သဘာဝဘေးအန္တရာယ်အပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးခဲ့ရသည့် ရွှေပြားများကိုလည်း လဲလှယ်ကပ်လှူပူဇော်ခဲ့ကြကြောင်း၊ ၁၉၈၀ ပြည့်နှစ်မှ ၂၀၁၉ ခုနှစ်ထိ (နှစ်ပေါင်း ၄၀ ခန့်ကာလအတွင်း) လေးနှစ်လျှင် တစ်ကြိမ်၊ ငါးနှစ်လျှင် တစ်ကြိမ် ရွှေသင်္ကန်းကပ်လှူပူဇော်ခဲ့ကြရာ ယခု ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ကိုးကြိမ်မြောက် လုံးတော်ပြည့် ရွှေသင်္ကန်းတော်ကပ်လှူပူဇော်သွားမည်ဖြစ်ကြောင်း၊ ရွှေသင်္ကန်းကပ်လှူပူဇော်ရန်အတွက် ငြမ်းစေတီကို ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၉ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး အောက်တိုဘာ ၁၈ ရက်မှစ၍ မင်္ဂလာရထားပျံဖြင့် ရွှေပြားသင်္ကန်းတော်များကို စတင်ကပ်လှူပူဇော်ခဲ့ခြင်းဖြစ်ကာ လက်ရှိအချိန်အထိ လုပ်ငန်းဆောင်ရွက်မှု ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းလုပ်ငန်းများကို ယခုနှစ် မတ်လ တတိယပတ်တွင် ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊လက်ရှိတွင် ခြောက်ကျပ်သားရှိ တစ်ပေပတ်လည်ရွှေပြား (Gold Plate) အချပ် ၁၄၀ နှင့် တစ်ကျပ်သားရှိ ရွှေစင်ပြား(Gold Coating)အချပ် ၂၅၀၀ တို့ ကပ်လှူရန်ကျန်ရှိနေကြောင်းသိရှိရပြီး စေတနာရှင် အလှူရှင်များအနေဖြင့် ခြောက်ကျပ်သားရှိ တစ်ပေပတ်လည် ရွှေပြား(Gold Plate) တစ်ချပ်လျှင် ငွေကျပ်သိန်း ၁၅၀ နှုန်း၊ တစ်ကျပ်သားရှိ ရွှေစင်ပြား(Gold Coating)တစ်ချပ်လျှင် ငွေကျပ် ၂၅ သိန်းနှုန်းတို့ဖြင့် အသီးသီးပါဝင်ကုသိုလ်ပြုလှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(၅၀၁)



ယခင်အလှူရှင်များ၏ လှူဒါန်းထားမှုများကို ကြည်ညိုသဒ္ဓါပွားဖွယ် ဖူးတွေ့ရစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငြမ်းစေတီအထက်မှ ရန်ကုန်မြို့၏ မြို့ပြဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်းများကို ကြည့်ရှုစဉ်။

# နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ ၁၈ ကြိမ်မြောက် မိသားစုမြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကျင်းပ



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း ဆုရရှိသည့်အသင်းကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

မြန်မာတို့၏ ၁၂ လရာသီပွဲတော်များ အနက် ကောက်ပဲသီးနှံ၊ ဆန်၊ စပါးတို့ ထွက်ရှိပြီး ဖူလုံစေသည့်လဖြစ်သော တပို့တွဲလတွင် အဖွဲ့လိုက်စုပေါင်းဆောင်ရွက်ရသည့် စည်းလုံးညီညွတ်မှုစွမ်းအားကို ဖြစ်စေသော မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများကို နိုင်ငံတစ်ဝန်းတွင် ဒေသအလိုက် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြသည်။

ထိုသို့ ကျင်းပပြုလုပ်လျက်ရှိရာ ယနေ့ ညနေပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ ၁၈ ကြိမ်မြောက် မိသားစုမြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ပြိုင်ပွဲဝင်အသင်းများက မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲကြသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များက ထမနဲထိုးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို လိုက်လံကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲများတွင်ဆုရရှိကြသည့်အသင်းများကို ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါထမနဲထိုးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၃ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲကြီး နှစ်ရက်တိုး၍ ကျင်းပသွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ပြခန်းတာဝန်ခံများနှင့် ပြည်နယ်၊ တိုင်းဒေသကြီးနှင့် အေဂျင်စီများအချင်းချင်း တွေ့ဆုံ၍ မိမိတို့၏ထုတ်ကုန်များကို နေရာအနှံ့ချိတ်ဆက်ဖြန့်ဖြူးနိုင်ရေး ညှိနှိုင်းဆောင်ရွက်နိုင်ကြရန်လည်းကောင်း၊ ပြပွဲစတင်သည့်ရက်မှစ၍ ရုံးဖွင့်ရက်အတွင်းမှာပင် လာရောက်လေ့လာဝယ်ယူကြသည့် လုပ်ငန်းရှင်များ၊ ဝန်ထမ်းများ၊ ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများက ပိုမိုလေ့လာမှတ်သားနိုင်ရန်နှင့် မိမိတို့လိုအပ်သော ကုန်ပစ္စည်းများကို ပိုမိုဝယ်ယူအားပေးနိုင်ရန်အတွက်လည်းကောင်း၊ စနေ ၊ တနင်္ဂနွေရုံးပိတ်ရက်များတွင် ရပ်နီးရပ်ဝေးမှ ရုံးဝန်ထမ်းများ ၊ လုပ်ငန်းရှင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပြည်သူများ လာရောက်လေ့လာဝယ်ယူအားပေးနိုင်ရေးရေးရှု၍လည်းကောင်း MSME ထုတ်ကုန်ပြပွဲကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၆ ရက်ထိ ထပ်မံတိုးမြှင့်ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲဆဋ္ဌမနေ့ ဆက်လက်ကျင်းပ အနယ်နယ်အရပ်ရပ်မှ ပြည်သူများစိတ်အေးချမ်းသာစွာဖြင့် တစ်ခဲနက်ပါဝင်ဆင်နွှဲ



**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲဆဋ္ဌမနေ့ကို ယနေ့ နံနက်ပိုင်းမှစတင်၍ နေပြည်တော်ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဆက်လက်ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်များ၊ ဝန်ကြီးဌာနများမှဝန်ထမ်းများနှင့်မိသားစုများ၊ MSME လုပ်ငန်းရှင်များ၊ပြည်သူများစိတ်ပါဝင်စားစွာဖြင့် တစ်ခဲနက်လာရောက်လေ့လာကြည့်ရှုကြသဖြင့် အထူးစည်ကားများပြားခဲ့သည်။

ယနေ့သည် အများပြည်သူရုံးပိတ်ရက်ဖြစ်သည့်အပြင် ရပ်ဝေးရပ်နီးမှ ပြည်သူများ ပွဲတော်သို့ လာရောက်လည်ပတ်မှု တစ်ရက်ထက်တစ်ရက် များပြားခဲ့သည့်အတွက် ထပ်တိုးကျင်းပသည့်ရက်ဖြစ်သည်နှင့်အညီ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက်ဒေသထွက်ကုန်များ၊ရိုးရာအစားအသောက်များနှင့် MSME ဆိုင်ရာထုတ်ကုန်များ၊ ယာဉ်နှင့် ဆိုင်ကယ်အရောင်းပြခန်းများ၊ ဆီကုန်သည်များအသင်းအရောင်းပြခန်း၊ စက်မှုဝန်ကြီးဌာန အရောင်းပြခန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပြခန်း၊ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာပြခန်းများ၊ လုပ်ငန်းစီးပွားချိတ်ဆက်မှုပြခန်း၊ တိုင်းရင်းသားရိုးရာအစားအစာအရောင်းဆိုင်ခန်းများ၊ သမဝါယမထုတ်ကုန်များအသင်းအရောင်းပြခန်း၊ ဘဏ်လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေသည့်ပြခန်းတို့တွင်လေ့လာသူ၊ ဈေးဝယ်သူ၊လုပ်ငန်းချိတ်ဆက်ဆောင်ရွက်သူများဖြင့် တိုင်ဒေသကြီးပြည်နယ်အထူးစည်ကားများပြားခဲ့သည်။

ထိုသို့ ပွဲတော်သို့လာရောက်ကြသည့် ပြည်သူများကို သက်ဆိုင်ရာတိုင်းဒေသကြီး ပြည်နယ်ပြခန်းများနှင့် ဝန်ကြီးဌာနပြခန်းများအလိုက် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာကြိုဆိုကြပြီး ရိုးရာယဉ်ကျေးမှုဆိုင်ရာ ဗဟုသုတများ၊ ဒေသန္တရဗဟုသုတများ၊ ဒေသတွင်းလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များနှင့်ဒေသအလိုက် ရိုးရာအစားအစာများ၊ MSME ထုတ်ကုန်များ မြင်ကွင်းကိုလည်း တွေ့မြင်ရသည်။

ညပိုင်းတွင်လည်း ဖျော်ဖြေရေးအစီအစဉ်များအဖြစ် တိုင်းကျိုးပြည်ပြုတေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများ၊ မျိုးချစ်စိတ်နှင့်ဇာတိမာန်တက်ကြွစေမည့်တေးသီချင်းများကို မြူးကြွပျော်ရွှင်စွာဖြင့် ဖျော်ဖြေကြရာပြည်သူများ ပျော်ရွှင်စွာဖြင့် တစ်ခဲနက်ပါဝင်ဆင်နွှဲကြသည်။

အဆိုပါပြပွဲနှင့်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက်တွင်လည်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်သတင်းအချက်အလက်နှင့်နည်းပညာမျှဝေမှုများ၊လုပ်ငန်းများအလိုက် ကြုံတွေ့ရမည့်အခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်နည်းများကို အသိပညာပေး ဆွေးနွေးမျှဝေပေးမှုများ၊ ဈေးကွက်စီးပွားရေး လိုအပ်ချက်များကို



အကြောင်းကို ပြည့်စုံစွာရှင်းလင်းပြသပေးကြသည်။

ထို့ပြင် နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက်ထွက်ရှိသည့် MSME ထုတ်ကုန်များနှင့် တိုင်းရင်းသားရိုးရာအမှတ်တရပစ္စည်းများ၊ရိုးရာဝတ်စုံများကိုပြည်သူများစိတ်ကြိုက်ဝယ်ယူနိုင်ရန်အတွက်ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိသည့်အပြင် တိုင်းရင်းသားရိုးရာအစားအသောက်များကိုလည်း လတ်ဆတ်စွာဖြင့် ရောင်းချပေးလျက်ရှိရာ နှစ်ခြိုက်စွာစားသုံးကြသည့်အနာဂတ်နည်းပညာများအသုံးပြု၍ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် ဗဟုသုတအကြောင်းအရာများဖြင့် ကဏ္ဍစုံမှဖြန့်ဝေသွားမည်ဖြစ်ရာ မိဘပြည်သူများ လာရောက်လေ့လာနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



၃၁ ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆက်လက်ကျင်းပစဉ်။

# ၃၁ ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

နှစ် ၈၀ ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ၃၁ ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ(က) အဆင့်နှင့်(ခ)အဆင့်ပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့်တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင်(က)အဆင့်ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုစစ်တီးဝိုင်းအသင်း၊ (ခ)အဆင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအမှတ်(၁)စစ်တီးဝိုင်းအသင်း အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအမှတ်(၂)စစ်တီးဝိုင်းအသင်း၊မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအမှတ်(၂)စစ်တီးဝိုင်းအသင်းတို့ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်း ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်ထွန်းမြတ်ရွှေ၊ တပ်မတော်အရာရှိကြီးများ၊ ဒိုင်အဖွဲ့ဝင်များပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဗဟိုသတင်းတပ်ဖွဲ့)

## အခြေခံပညာကျောင်းများနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိအခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူ့ဆေးရုံများ၌လည်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်အပါအဝင် မြို့နယ် ၁၆ မြို့နယ်ရှိ စာသင်ကျောင်းများ၌ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက စာသင်ကျောင်းများအတွင်း၊အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေစည်ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ခြင်ခိုအောင်းနိုင်သောနေရာများ၌ ခြင်ဆေးဖျန်းပေးခြင်းနှင့်ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းများကို စုပေါင်း ဆောင်ရွက်ပေးကြသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် မဟာဗန္ဓုလလမ်းရှိ ရန်ကုန်အရှေ့ပိုင်းဆေးရုံ (ဂန္ဒီဆေးရုံ)၌ လည်းကောင်း၊ အင်းစိန်မြို့နယ် စဉ့်ငူရပ်ကွက်ရှိ အောင်ဆန်းအဆုတ်ရောဂါကုဆေးရုံ၌လည်းကောင်း နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက ဆေးရုံဝင်းအတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်းများကို စုပေါင်း ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (ဗဟိုသတင်းတပ်ဖွဲ့)


**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportalစာရင်း**

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

**၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၅၂၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## မှော်ဘီမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ရွှေမြယာကျေးရွာအုပ်စုရှိ ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ရွှေမြယာအထက်တန်းကျောင်း၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၄၇ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊နှာခေါင်း၊လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မြို့မရပ်ကွက် ဗဟိုမြို့မကျောင်းတိုက်ရှိ သံဃာတော် ၆၄ ပါးနှင့် ဒေသခံပြည်သူ ၁၂၅ ဦးတို့ကို အဆိုပါကျောင်းတိုက်၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ကျန်းမာရေး အသိပညာပေး ဆောင်ရွက်ပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ် သောလူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဗဟိုသတင်းတပ်ဖွဲ့)



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၇၉၉ ဦးထိန်းသိမ်းနိုင်ခဲ့ပြီး ၆၁ ဦးကို ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကာ ၇၃၈ ဦး ဆက်လက်လွှဲပြောင်းပေးအပ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိ



နိုင်ငံခြားသား ၆၁ ဦးကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတား၌ လွှဲပြောင်း၊ လက်ခံဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံ။



၁၁-၂-၂၀၂၅ ရက်တွင် အင်ဒိုနီးရှားနိုင်ငံသား ၆၉ ဦးကို စိစစ်မှုမှတ်တမ်းဓာတ်ပုံ။



၁၄-၂-၂၀၂၅ ရက်တွင် တရုတ်နိုင်ငံသားဦးရေ ၂၀၀ ကို စိစစ်မှုမှတ်တမ်းဓာတ်ပုံ။



၁၅-၂-၂၀၂၅ ရက်တွင် နိုင်ငံခြားသား ၄၆၉ ဦး စိစစ်မှုကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး စစ်ဆေးမှုမှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများတွင် တရားမဝင် Online လောင်းကစားမှုများ၊ Online လိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသူများကို စစ်ဆေးဖော်ထုတ်လျက်ရှိရာ ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၁၅ ရက်ထိ ပြည်ပနိုင်ငံသား ၇၉၉ ဦးကို ထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများအနက် ၆၁ ဦးကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ထိုင်းနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သည်။

ထို့ပြင် ဖေဖော်ဝါရီ ၁၁ ရက်တွင် ပြည်ပနိုင်ငံသား ၆၉ ဦးကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၁၄ ရက်တွင် ပြည်ပနိုင်ငံသားဦးရေ ၂၀၀ ကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၁၅ ရက်တွင် ပြည်ပနိုင်ငံသား ၄၆၉ ဦးကိုလည်းကောင်း စုစုပေါင်း ၇၃၈ ဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများကို စာရင်းကောက်ယူပြီးဖြစ်သည်။

အဆိုပါမြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၇၉၉ ဦးသည် တရုတ်၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ မလေးရှား၊ အီသီယိုးပီးယား၊ ပါကစ္စတန်၊ ကာဂျစ်စတန်၊ ဗီယက်နမ်၊ ယူဂန်ဒါ၊ ထိုင်းနိုင်ငံနှင့် တရုတ်(တိုင်ပေ)တို့မှ နိုင်ငံသားများဖြစ်ကြသည်။

နိုင်ငံတော်အနေဖြင့် မြဝတီ- ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေအတွင်း Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများနှင့် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို အမြန်ဆုံး စစ်ဆေးဖော်ထုတ်ပြီး သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ လွှဲပြောင်းပေးအပ်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါထိန်းသိမ်းထားရှိသည့် ပြည်ပနိုင်ငံသားများ၏ စကားသံများကိုလည်း ယခုလိုပဲကြားသိရပါတယ်-

**Mr. Pon Wan Pin(တရုတ်နိုင်ငံသား)**

"မြဝတီမြို့ ရွှေကုက္ကိုလ်မှာအလုပ်လုပ်နေတဲ့ သူငယ်ချင်း တရုတ်နိုင်ငံသား Mr. Zeng Hai Ming က ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာ လစာယွမ် ရှစ်ထောင်ရတဲ့ အလုပ်ရမယ်ဆိုပြီး ဆက်သွယ်ခဲ့တဲ့အတွက် ၂၀၂၄ ခုနှစ် မတ် ၂၆ ရက်မှာ လေကြောင်းခရီးနဲ့ တရုတ်နိုင်ငံကွမ်တုံးလေဆိပ်ကနေ ထိုင်းနိုင်ငံ ဗန်ကောက်လေဆိပ်ကိုရောက်ရှိခဲ့ပါတယ်။ လေဆိပ်ကိုရောက်တဲ့အခါမှာထိုင်းလူမျိုးတစ်ဦးက ကားနဲ့လာကြိုပြီး ထိုင်းနိုင်ငံကနေ မဲဆောက်မြို့ကို ထွက်လာခဲ့ပါတယ်။ ရှစ်နာရီကြာကားစီးပြီးမဲဆောက်မြို့ကို ရောက်ရှိခဲ့ပါတယ်။ အဲဒီကနေ သောင်ရင်းမြစ်ကိုဖြတ်ပြီးတဲ့အခါ သူငယ်ချင်း Mr. Zeng Hai Ming က ကားနဲ့ လာကြိုပါတယ်။၂၀၂၄ ခုနှစ် မတ် ၂၇ ရက်မှာ မယ်ထော်သလေးဒေသမှာရှိတဲ့ တရုတ်လူမျိုး Shi Sam ပိုင်ဆိုင်တဲ့ Ti Can ကုမ္ပဏီကိုရောက်ရှိခဲ့တယ်။ အဲဒီကုမ္ပဏီမှာ ကျွန်တော် သုံးလခန့် အလုပ်လုပ်ခဲ့ပါတယ်။ အဲဒီကတစ်ဆင့် KK Park မှာရှိတဲ့ တရုတ်လူမျိုး Di Jen ပိုင်ဆိုင်တဲ့ Zho Ye ကုမ္ပဏီကိုအပို့ခံရပြီး လေးလခန့် အလုပ်လုပ်ခဲ့ရပါတယ်။ အဲဒီနောက် ရွှေကုက္ကိုလ်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှာရောက်ရှိပြီး တရုတ်လူမျိုး Long Liu ပိုင်ဆိုင်တဲ့ Chi-ang Ying ကုမ္ပဏီမှာ Online ကနေကွန်ပျူတာနဲ့ Customer ရှာဖွေတဲ့အလုပ်ကို နေ့စဉ် ည ၉ နာရီကနေ နောက်နေ့ညနေ ၅ နာရီထိလုပ်ပေးခဲ့ရပါတယ်။ ဒီလိုလုပ်ရပေမယ့် လစာမရရှိခဲ့ပါဘူး"ဟုပြောပြသည်။

**Mrs. Xiao Shuang(တရုတ်နိုင်ငံသူ)**

"Online ကတစ်ဆင့် အလုပ်ခေါ်စာတွေ့လို့ အလုပ်လျှောက်ခဲ့ပါတယ်။ လုပ်ရမယ့် အလုပ်ကအလှပြင်ဆိုင်မှာလုပ်ရမယ်ဆိုပြီး လစာက တစ်လကိုယွမ် ၁၅၀၀၀ ရမယ်လို့သိရတဲ့အတွက် ကုမ္ပဏီရဲ့ ချိတ်ဆက်မှုနဲ့ ကျွန်မရဲ့ ယောက်ျားဖြစ်တဲ့ Mr. Xiao Xiheနဲ့အတူ ၂၀၂၄ ခုနှစ် စက်တင်ဘာလမှာ တရုတ်နိုင်ငံကနေ လေကြောင်းလိုင်းနဲ့ ထိုင်းနိုင်ငံဗန်ကောက်မြို့ကို လာခဲ့ပါတယ်။ ဗန်ကောက်လေဆိပ်ကိုရောက်တဲ့အခါမှာ တရုတ်လူမျိုး အားဝေက လာကြိုပြီး မဲဆောက်မြို့ကို ကားနဲ့ပို့ပေးခဲ့တယ်။ ဒီလိုပို့ပေးတဲ့အခါမှာ ထိုင်းနိုင်ငံက စစ်ဆေးရေးဂိတ် လေးဂိတ်ကို ဖြတ်သန်းသွားရပေမယ့် စစ်ဆေးမေးမြန်းတာတွေမရှိခဲ့ပါဘူး။ ကားနဲ့ ခုနစ်နာရီခန့်ကြာစီးပြီး သောင်ရင်းမြစ်ကမ်းကိုရောက်ရှိခဲ့တယ်။ အဲဒီကတစ်ဆင့် သောင်ရင်းမြစ်ကိုစက်လှေနဲ့ဖြတ်ကူးပြီး ကမ်းတစ်ဖက်ကိုရောက်တဲ့အခါမှာ တရုတ်လူမျိုး တစ်ယောက်က ကားနဲ့လာခေါ်ပြီး ရွှေကုက္ကိုလ်ကိုပို့ပေးခဲ့တယ်။ အဲဒီကအလှပြင်ဆိုင်မှာ ငါးလခန့်အလုပ်လုပ်ခဲ့ပြီး ဘတ်ငွေ ၁၅၀၀၀ ခန့်ရရှိခဲ့ပါတယ်။ ကျွန်မအလုပ်လုပ်တဲ့ဆိုင်က ကျွန်မယောကျ်ားအလုပ်လုပ်တဲ့ဆိုင်နဲ့ ဘေးချင်းကပ်လျက်ပဲဖြစ်ပါတယ်"ဟုပြောပြသည်။

**Mr. Yu Yong Bing(တရုတ်နိုင်ငံသား)**

"Online ပေါ်ကနေ ခင်မင်ရင်းနှီးတဲ့ တရုတ်လူမျိုး အမျိုးသားတစ်ဦးက ယူနန်မှာအလုပ်လုပ်ရမယ်ဆိုပြီး လာခေါ်ပါတယ်။ သူကပဲ ဗန်ကောက်မှာအလုပ်ရှိတယ်လို့ ပြောပြီး ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၂ ရက်မှာ ယူနန်ကနေ ဗန်ကောက်ကိုထွက်လာခဲ့ပါတယ်။ ဗန်ကောက်ကိုရောက်ရှိတဲ့အခါ တရုတ်လူမျိုးတစ်ဦးက လာကြိုမယ့် ကားနံပါတ်ကို Viberကနေတစ်ဆင့်ပို့ပေးခဲ့တယ်။ အဲဒီကားနဲ့ထွက်ခွာလာပြီး ညနေပိုင်းမှာ မဲဆောက်ကို ရောက်တယ်။ မဲဆောက်ကတစ်ဆင့် ရွှေကုက္ကိုလ်မှာရှိတဲ့ HingTuကုမ္ပဏီမှာအလုပ်ရတယ်။ အလုပ်က Online ကတစ်ဆင့် Customer ရှာဖွေတဲ့အလုပ်ကိုလုပ်ခဲ့ရတယ်"ဟုပြောပြသည်။

**Mrs. Hou Mei Xin( တရုတ်နိုင်ငံသူ)**

"ရွှေကုက္ကိုလ်မှာအလုပ်လုပ်ဖို့ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်မှာ တရုတ်နိုင်ငံကနေ လေယာဉ်နဲ့ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ကို လာခဲ့ပါတယ်။ ဗန်ကောက်မြို့ကိုရောက်တဲ့အခါမှာ တရုတ်လူမျိုးတစ်ဦးက အသင့်လာကြိုပါတယ်။ ဗန်ကောက်ကနေတစ်ဆင့် တရုတ်လူမျိုး လေးဦးနဲ့အတူ စက်လှေနဲ့ သောင်ရင်းမြစ်ကိုဖြတ်ကျော်ပြီး ရွှေကုက္ကိုလ်ကိုရောက်ခဲ့ပါတယ်။ တရုတ်လူမျိုးပိုင်တဲ့ Heng Chuang ကုမ္ပဏီမှာ အလုပ်ဝင်လုပ်ခဲ့ပါတယ်။နေ့တိုင်းည ၈ နာရီကနေ အချိန်အကန့်အသတ်မရှိ Chatting လုပ်ပြီး Customer တွေရှာဖွေပေးရတဲ့ အလုပ်ကိုလုပ်ပေးရပါတယ်။ အလုပ်ဝင်ချိန်ကတည်းကအခုထိလစာမရရှိခဲ့ပါဘူး" ဟု ပြောပြသည်။

**Mr. Yuan Zong Liang ( တရုတ်နိုင်ငံသား)**

"ကွမ်တုံမြို့ကသူငယ်ချင်းဖြစ်တဲ့ Xu Feng က ထိုင်းနိုင်ငံ မဲဆောက်မြို့မှာရှိတဲ့ စားသောက်ဆိုင်တစ်ဆိုင်မှာ တစ်လ ဘတ် ၇၀၀၀ ရမယ်ဆိုပြီး အလုပ်လုပ်ဖို့ကမ်းလှမ်းခဲ့ပါတယ်။ သူ့ရဲ့စီစဉ်ပေးမှုနဲ့ ၂၀၂၄ ခုနှစ် ဇူလိုင် ၁၅ ရက်မှာ ကွမ်တုံးလေဆိပ်ကနေ ဗန်ကောက်မြို့ကို လေယာဉ်နဲ့ သွားခဲ့ပါတယ်။ အဲဒီနေ့နေ့လယ်ပိုင်းမှာဗန်ကောက်မြို့ကိုရောက်တဲ့အခါမှာ သူစီစဉ်ပေးထားတဲ့ ထိုင်းလူမျိုးတစ်ဦးက ကားနဲ့လာကြိုပါတယ်။ ည ၇ နာရီကျော်တဲ့အချိန်မှာချောင်းတစ်ခုကိုရောက်ပြီး စက်လှေနဲ့ တစ်ဖက်ကမ်းကိုကူးခဲ့ပါတယ်။ တစ်ဖက်ကမ်းကိုရောက်တဲ့အချိန်မှာ အမျိုးသားတစ်ဦးက လာကြိုပြီး ရွှေကုက္ကိုလ်က ရထိုက်ကုမ္ပဏီကိုရောက်ရှိခဲ့ပါတယ်။ အဲဒီကုမ္ပဏီမှာ အွန်လိုင်းကတစ်ဆင့် လိမ်လည်ရမယ့် Facebook အကောင့်တွေ ရှာဖွေရတဲ့ အလုပ်ကိုလုပ်ခဲ့ရပါတယ်။ နေ့တိုင်း ည ၁၀ နာရီကနေ နောက်နေ့ မွန်းလွဲ ၂ နာရီထိ လုပ်ကိုင်ရပြီး တစ်လဘတ်ငွေ ၄၀၀၀ သာ ရရှိခဲ့ပါတယ်"ဟုပြောပြသည်။ (၅၀၁)












# မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၁၃၆၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မော်လိုက် ဖေဖော်ဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၁၃၆၀ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၁၃၉၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မော်လိုက်မြို့နယ်တွင် ၃၇၁ ဧက နှင့် ဖောင်းပြင်မြို့နယ်တွင် ၉၈၉ ဧက စုစုပေါင်းဧက ၁၃၆၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

" ဆောင်းသီးနှံ စိုက်ပျိုးရာသီ မော်လိုက်ခရိုင်မှာ ပဲတီစိမ်းဧက ၁၃၉၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိဧက၁၃၆၀စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့နဲ့ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေ ရှိပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်ခရိုင်တွင် ပဲတီစိမ်း စိုက်ပျိုးရန်အတွက်မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် ၃၈၆ ဧက၊ ဖောင်းပြင်မြို့နယ်တွင် ၁၀၀၄ ဧက စုစုပေါင်း ဧက ၁၃၉၀ ဖြစ်ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါတင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငရုတ်သီးခြောက် ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကျောင်းကုန်း ဖေဖော်ဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငရုတ်သီးခြောက် ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျောင်းကုန်းမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန်းငွေက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ခုနှစ် ဒီဇင်ဘာလအတွင်း ငရုတ်သီးခြောက်ပိဿာချိန် ၅၅၀၀၀ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ ငရုတ်သီးခြောက် ပိဿာချိန် ၈၀၀၀၀ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသမှ တင်ပို့ရောင်းချခဲ့သည့် ငရုတ်သီးခြောက် ၁၀ ပိဿာလျှင် ငွေကျပ် ၉၉၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်း ကျောင်းကုန်း မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ငရုတ်သီးခြောက်ပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ ရောင်းချခဲ့ရပါတယ်။ ဒေသလယ်ယာထွက်ကုန်တွေကို အခြားမြို့နယ်တွေ အပြင် ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ ရောင်းချနေပါတယ်။ ကျောင်းကုန်းမြို့နယ်က ထွက်တဲ့ ငရုတ်သီးခြောက်တွေက အရည် အသွေးကောင်းပါတယ်။ ငရုတ်သီးခြောက် အရည်အသွေး ကောင်းတော့ ဈေးကောင်းရပါတယ်။ လက်ရှိ ငရုတ်သီးခြောက် ၁၀ပိဿာကို ငွေကျပ် ၉၉၀၀၀ ထိ ပေါက်ဈေး ရှိပါတယ်''ဟု ကျောင်းကုန်းမြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စန်းငွေက ပြောပြသည်။



ကျောင်းကုန်းမြို့နယ်မှ ထွက်ရှိလာသော ငရုတ်သီးခြောက်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချအားကောင်းနေခြင်းကြောင့် ငရုတ်စိုက်ပျိုးသည့် တောင်သူများ၊ လုပ်သားများ၊ ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ အလုပ်အကိုင် အခွင့်အလမ်း ရရှိနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဖာပွန်မြို့နယ် ပုဇွန်မြောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဖာပွန် ဖေဖော်ဝါရီ ၁၅**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဖာပွန်မြို့နယ် ပုဇွန်မြောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖာပွန်ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်း၊ မြို့နယ်ဦးစီးမှူး ဦးပြည့်ဦးကိုကိုနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်းက စီမံကိန်းလုပ်ငန်းများ တည်တံ့ခိုင်မြဲရေးအတွက် အားလုံး ဝိုင်းဝန်း ထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါပုဇွန်မြောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ် သန်း ၃၀ဖြင့် စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင် ၁၄ဦး၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ကိုးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၂ဦးကို ရန်ပုံငွေကျပ် ၅၁၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ဖာပွန်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်းထံမှ သိရသည်။

**ကိုသက်**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၅-၂-၂၀၂၅

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်းကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနော်သုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ရွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနော်သုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၈၄၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၄၈၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၈၄၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၂၇၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၃၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၅၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၇၀၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# ဗီယက်နမ်နိုင်ငံ၏ နျူကလီးယားစွမ်းအင်ထုတ်လုပ်ရေးအလားအလာ

ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် ငုယင်ဟွာဘင်းသည် ၂၀၁၆ ခုနှစ်တွင် ယာယီရပ်ဆိုင်းခဲ့သော နင်သွန် (NinhThuan) နျူကလီးယားစွမ်းအင်စီမံကိန်းကို ပြည်လည်သုံးသပ်သွားရန် ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်းပြုလုပ်ခဲ့သည့် အမျိုးသားလွှတ်တော်သို့ အဆိုပြုခဲ့သည်။ ဗီယက်နမ်ကွန်မြူနစ်ပါတီ(CPV) အထွေထွေအတွင်းရေးမှူး တိုလမ်းကလည်း တိုင်းပြည်၏ နျူကလီးယားအစီအစဉ်ပြန်လည်စတင်ရေးနှင့် စပ်လျဉ်း၍ ဗဟိုကော်မတီ၏ခိုင်မာအားကောင်းသော ဘုံသဘောတူညီချက်ကို မီးမောင်းထိုးပြသခဲ့သည်။

လက်ရှိအချိန်တွင် ဗီယက်နမ်ခေါင်းဆောင်များသည် ရပ်ဆိုင်းထားသော နျူကလီးယားစီမံကိန်းများ ပြန်လည်အကောင်အထည်ဖော်ဆောင်ရေးအတွက် သုံးသပ်ဆောင်ရွက်လျက်ရှိသည်။ လာမည့်နှစ်များအတွင်း ဗီယက်နမ်နိုင်ငံ၏ စွမ်းအင်သုံးစွဲမှုသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အမီလိုက်နိုင်ရေးအတွက် တဖြည်းဖြည်းမြင့်တက်လာမည်ဖြစ်သည်။ ၂၀၂၅ ခုနှစ်တွင် ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး(GDP) သည် ၆ ဒသမ ၅ ရာခိုင်နှုန်းမှ ၇ ရာခိုင်နှုန်းထိ ရှိလာမည်ဖြစ်သည့်အတွက် လျှပ်စစ်စွမ်းအင်လိုအပ်ချက်သည် ၁၃ ရာခိုင်နှုန်းထိ မြင့်တက်လာမည်ဖြစ်သည်။ ၂၀၂၅ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အတွင်း လျှပ်စစ်စွမ်းအင်လိုအပ်ချက်သည် ၉ ဒသမ ၃ ရာခိုင်နှုန်းထိ မြင့်တက်လာမည်ဟု မျှော်မှန်းထားရှိသည်။

ဗီယက်နမ်နိုင်ငံအနေဖြင့် အဆိုပါလျှပ်စစ်စွမ်းအင်လိုအပ်ချက်များဖြည့်ဆည်းနိုင်ရေးအတွက် ၂၀၃၀ ပြည့်နှစ်တွင် လျှပ်စစ်ထုတ်လုပ်မှု နှစ်ဆတိုးမြှင့်သွားရမည်ဖြစ်ပြီး ၂၀၅၀ ပြည့်နှစ်တွင် ငါးဆခန့် တိုးမြှင့်ထုတ်လုပ်သွားရန် လိုအပ်ကြောင်း၊ ၂၀၂၂ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်ထိ အကောင်အထည်ဖော်သွားမည့် အမျိုးသားလျှပ်စစ်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၌ ဖော်ပြထားသည်။ ဗီယက်နမ်နိုင်ငံတွင် အမျိုးသားလျှပ်စစ်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းအတွက် လေနှင့် ဆိုလာစွမ်းအင်ကဲ့သို့သော အရင်းအမြစ်များ အများအပြားရှိနေသည်။ ၎င်းအရင်းအမြစ်များသည် ၂၀၃၀ပြည့်နှစ်တွင် လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုအားလုံး၏ ၃၀ ရာခိုင်နှုန်းနှင့် ၂၀၅၀ ပြည့်နှစ်တွင် ၆၀ ရာခိုင်နှုန်းကျော်ထုတ်လုပ်သွားမည်ဟု မျှော်မှန်းထားရှိသည်။ သို့သော် အဆိုပါမဟာစီမံကိန်း၌ နျူကလီးယားစွမ်းအင်ပါဝင်ခြင်းမရှိပေ။ မည်သို့ပင်ဆိုစေ နျူကလီးယားစွမ်းအင်ပါဝင်ခြင်းမရှိလျှင် ဗီယက်နမ်နိုင်ငံ၏ လက်ရှိစွမ်းအင်အရင်းအမြစ်သည် တိုင်းပြည်၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မည်မဟုတ်ပေ။

ဗီယက်နမ်နိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် ကျောက်မီးသွေးသုံး စွမ်းအင်စက်ရုံသစ်များတည်ဆောက်မှုကို ရပ်တန့်သွားမည်ဖြစ်ပြီး ၂၀၅၀ ပြည့်နှစ်တွင် တည်ရှိပြီးကျောက်မီးသွေးသုံး စွမ်းအင်စက်ရုံများကို ပိတ်သိမ်းသွားမည်ဖြစ်သည်။ ဤအတောအတွင်း ရေအားလျှပ်စစ်ထုတ်လုပ်မှုသည် ထုတ်လုပ်နိုင်စွမ်းအမြင့်ဆုံးသို့ ရောက်ရှိနေပြီး ၂၀၃၀ ပြည့်နှစ်တွင် ၂၉၃၄၆ မဂ္ဂါဝပ် ထုတ်လုပ်နိုင်စွမ်းရှိမှုသည် သဘာဝဘေးအန္တရာယ်နှင့် ရာသီဥတုပြောင်းလဲမှုများနှင့် ဆက်နွှယ်သောဘေးအန္တရာယ်များ ရင်ဆိုင်ရလျက်ရှိသည်။ အလားတူ သဘာဝဓာတ်ငွေ့အပေါ် အလွန်အမင်းမှီခိုအားထားခြင်းသည် ကမ္ဘာလုံးဆိုင်ရာ လောင်စာဆီဈေးနှုန်းအတက်အကျရိုက်ခတ်မှု ခံရဖွယ်ရှိနေသည်။

ထို့ပြင် လေနှင့် ဆိုလာစွမ်းအင်သည် ဗီယက်နမ်နိုင်ငံ၏ လိုအပ်သည့်စွမ်းအင်ကို ပံ့ပိုးပေးနိုင်ဖွယ်မရှိပေ။ အဆိုပါစွမ်းအင်သည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြောင်းလဲမှုများကြောင့် နေ့စဉ် စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်စွမ်း ရှိမည်မဟုတ်ပေ။ အထူးသဖြင့် လျှပ်စစ်စွမ်းအင်လိုအပ်ချက်မြင့်မားချိန်တွင် လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်မည်မဟုတ်ပေ။ အမေရိကန်-တရုတ်ကုန်သွယ်ရေးတင်းမာမှုများကြောင့် လေနှင့် ဆိုလာစွမ်းအင်ထုတ်



လုပ်မှုများအတွက် လိုအပ်သော အရေးကြီးသည့် တွင်းထွက်ပစ္စည်းများသည် ဈေးနှုန်းကြီးမြင့်လာမှုနှင့် ရင်ဆိုင်ရဖွယ်ရှိနေသည်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်မှုတွင် မသေချာမရေရာမှုနှင့် ကျောက်မီးသွေးစွမ်းအင်ထုတ်လုပ်ရာတွင် ထိခိုက်မှုများကြောင့် ရေအားလျှပ်စစ်၊ သဘာဝဓာတ်ငွေ့နှင့် နျူကလီးယားစွမ်းအင်များသည် ဗီယက်နမ်နိုင်ငံ၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ နျူကလီးယားစွမ်းအင်သည် လုံလောက်သောစွမ်းအင်အရင်းအမြစ်တစ်ခုပင်ဖြစ်သည်။ အကြောင်းမူကား ယူရေနီယံတစ်ကီလိုဂရမ်သည် ကျောက်မီးသွေးထက် လျှပ်စစ်စွမ်းအင်အဆ ၂၀၀၀၀ ကျော် ထုတ်လုပ်နိုင်စွမ်းရှိသည်။ ထို့ပြင် နျူကလီးယားစွမ်းအင်စက်ရုံများသည် အဆင်ပြေချောမွေ့စွာ လုပ်ငန်းလည်ပတ်နိုင်ပြီး လျှပ်စစ်စွမ်းအင်ထုတ်လုပ်စနစ်ကိုတည်ငြိမ်စေပြီး စွမ်းအင်လိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

နျူကလီးယားစွမ်းအင်သည် ဈေးနှုန်းအတက်အကျကြောင့် ဖြစ်ပေါ်လာသည့် သက်ရောက်မှုများလည်း မရှိပေ။ ကျောက်မီးသွေးသုံးစက်ရုံများနှင့် နှိုင်းယှဉ်လျှင် နျူကလီးယားသည် လောင်စာအသုံးပြုမှုနည်းပါးသည်။ နျူကလီးယားစွမ်းအင်သည် ဖန်လုံအိမ် ဓာတ်ငွေ့ထုတ်လွှတ်မှုမရှိသဖြင့် သန့်ရှင်းသော စွမ်းအင်ထုတ်လုပ်မှုအတွက် နာမည်ကောင်းရရှိ လျက်ရှိသည်။ နျူကလီးယားစွမ်းအင် တစ်ကီလိုဝပ်နာရီထုတ်လုပ်ရာတွင် ကာဗွန်ဒိုင်အောက်ဆိုက် ခြောက်ဂရမ်ခန့်သာ ထုတ်လွှတ်သဖြင့် ကျောက်မီးသွေးထက် သိသိသာသာနည်းပါးလျက်ရှိပြီး ကျောက်မီးသွေးသည် ကာဗွန်ဒိုင်အောက်ဆိုက်အဆ ၇၀ ခန့် ထုတ်လွှတ်သည်။ သဘာဝဓာတ်ငွေ့မှ လျှပ်စစ်ထုတ်လုပ်ရာတွင် ကာဗွန်ဒိုင်အောက်ဆိုက် အဆ ၄၀ ခန့်၊ ဆိုလာသည် လေးဆခန့်နှင့် ရေအားလျှပ်စစ်သည် နှစ်ဆခန့်ရှိသည်။

**အပြောလွယ်သလောက်အလုပ်ခက်ခဲ**

ဗီယက်နမ်နိုင်ငံ၏ နိုင်ငံရေးဆန္ဒသည် နျူကလီးယားစွမ်းအင်ထုတ်လုပ်မှုကို ကာလရှည်ကြာ ထိန်းသိမ်းထားနိုင်ပါ့မလားဆိုသော မေးခွန်းများ ထွက်ပေါ်လျက်ရှိသည်။ နျူကလီးယားစွမ်းအင်စက်ရုံတစ်ရုံတည်ဆောက်ရန် ကြိုတင်ပြင်ဆင်ချိန်နှင့် တည်ဆောက်ချိန်တို့သည် ၁၀ နှစ်မှ ၁၅ နှစ်ခန့်ကြာမြင့်မည်ဖြစ်ပြီး ဤကာလသည် ဗီယက်နမ်နိုင်ငံသမ္မတ သုံးဦးခန့် တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။ ဗီယက်နမ်နိုင်ငံအနေဖြင့် နျူကလီးယားစွမ်းအင်စက်ရုံတည်ဆောက်မှု၊ ဘေးကင်းလုံခြုံမှုနှင့် လုပ်ငန်းဆောင်ရွက်မှုတို့အတွက် မရှိမဖြစ်လိုအပ်ချက်များဖြည့်ဆည်းနိုင်စွမ်းမရှိလျှင်၊ အထူးသဖြင့် နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီထံမှ အတည်ပြုချက်မရရှိလျှင် တည်ဆောက်ချိန်ထပ်မံကြာမြင့်မည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံအနေဖြင့် နျူကလီးယားစွမ်းအင်ထုတ်လုပ်ရေးဆိုင်ရာမူဝါဒကို ဦးစားပေးမူဝါဒအဖြစ် ဆက်လက်စွဲကိုင်ထားရေးအတွက် မည်သည့်အရာများက အာမခံချက်ပေးထားသလဲဆိုသော မေးခွန်းများလည်း ထွက်ပေါ်လျက်ရှိသည်။ ရင်းနှီးမြှုပ်နှံမှုများစွာလိုအပ်သည့် အခြားစီမံကိန်းများကိုလည်း ထည့်သွင်းစဉ်းစားသွားရန် လိုအပ်သည်။ အမေရိကန်ဒေါ်လာ ၆၇ ဒသမ ၃၄ ဘီလီယံကုန်ကျမည့် တောင်-မြောက် အမြန်ရထားလမ်းသည် အဓိကကျသောသာဓကတစ်ခုပင်ဖြစ်သည်။ ဗီယက်နမ်နိုင်ငံသည် စွမ်းအင်အခြေခံအဆောက်အအုံ၊ တစ်ပိုင်းလျှပ်စစ်ကူးပစ္စည်းနှင့် ဆိပ်ကမ်းစနစ်များအပါအဝင် အခြားသော စီမံကိန်းအမျိုးမျိုးအတွက်လည်း အရင်းအနှီးများစွာ လိုအပ်လျက်ရှိသည်။ ဤအတောအတွင်း နျူကလီးယားစွမ်းအင်အတွက် လိုအပ်သောရင်းနှီးမြှုပ်နှံမှုပမာဏသည် လွန်စွာများပြားသည်။ လျှပ်စစ် ၁၆၀၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်မည့် ပြင်သစ်နိုင်ငံ၏ အကြီးစားစက်ရုံတစ်ခုသည် အမေရိကန်ဒေါ်လာ၁၀ဘီလီယံခန့်ကုန်ကျမည်ဖြစ်သည့်အတွက် ၂၀၂၃ ခုနှစ်တွင် ရရှိသော ဗီယက်နမ်နိုင်ငံ GDP ၏ သုံးရာခိုင်နှုန်းခန့် ရှိမည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံအနေဖြင့် နျူကလီးယားစက်ရုံကို ချက်ချင်းတည်ဆောက်သည့်တိုင် ပထမဆုံးစက်ရုံသည် ၂၀၄၀ ပြည့်လွန်နှစ်များထိ အပြည့်အဝလည်ပတ်နိုင်ဦးမည် မဟုတ်ပေ။ အဆိုပါကာလအတွင်း ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာဝန်းကျင်သည် ပြောင်းလဲမှုများရှိလာနိုင်သဖြင့် ဗီယက်နမ်ပြည်သူများနှင့် အနာဂတ်ဗီယက်နမ်ခေါင်းဆောင်များ၏စိတ်ဆန္ဒတို့အပေါ် သက်ရောက်မှုများရှိလာနိုင်သည်။ ဗီယက်နမ်နိုင်ငံအနေဖြင့် အခြားသောစီမံကိန်းများကို ဦးစားပေးနေရသောကြောင့် နင်သွန် (NinhThuan) နျူကလီးယားစွမ်းအင်စီမံကိန်းကို ၂၀၁၆ ခုနှစ်တွင် ယာယီရပ်ဆိုင်းခဲ့ရသည်။

နျူကလီးယားစွမ်းအင်စီမံကိန်းများ အကောင်အထည်ဖော်ရာတွင်လည်း အခြားသောစီမံကိန်းများနည်းတူ အဂတိလိုက်စားမှုများရှိလာနိုင်သလားဆိုသည့်မေးခွန်းလည်း ထွက်ပေါ်လျက်ရှိသည်။ နျူကလီးယားစွမ်းအင်သည် လျှပ်စစ်နှင့် အခြေခံအဆောက်အအုံတို့ပါဝင်ပြီး ၎င်းကဏ္ဍများသည် အလွဲသုံးစားမှုနှင့်အဂတိလိုက်စားမှုများ ထူပြောလေ့ရှိသည်။ သာဓကအနေဖြင့် ဗီယက်နမ်နိုင်ငံတွင် လျှပ်စစ်ဖြန့်ဖြူးရာ၌ စနစ်တကျစီမံခန့်ခွဲမှုမရှိသဖြင့် အမေရိကန်ဒေါ်လာ ၃၆ သန်းခန့် ဆုံးရှုံးမှုဖြစ်ခဲ့ရသဖြင့် ဒုတိယဝန်ကြီးချုပ်ဟောင်းတစ်ဦးနှင့် အဆင့်မြင့်အရာရှိကြီးများကို အရေးယူခဲ့ရသည့် သာဓကတစ်ရပ်ရှိခဲ့သည်။

နျူကလီးယားစွမ်းအင်စက်ရုံနှင့် ပို့ဆောင်ရေးအခြေခံအဆောက်အအုံများသည် အစိုးရအဖွဲ့မှ အဆင့်အတန်းပေါင်းစုံ၊ အေဂျင်စီပေါင်းစုံတို့ပါဝင်သည့်အပြင် အရင်းအနှီးများစွာ လိုအပ်လျက်ရှိသောကြောင့် အချိန်ကာလတိုးချဲ့သွားရန် လိုအပ်သည်။ ထို့ပြင် နျူကလီးယားနည်းပညာလိုအပ်ချက်ရှိနေခြင်းသည် ဗီယက်နမ်နိုင်ငံအား ပြည်ပကန်ထရိုက်တာများနှင့် အရင်းအမြစ်များကို မှီခိုအားထားစေရလျက်ရှိသည်။

ဗီယက်နမ်ခေါင်းဆောင်များအနေဖြင့် အနာဂတ်တွင် တည်ဆောက်သွားမည့် နျူကလီးယားစွမ်းအင်စက်ရုံစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် နှောင့်နှေးစေနိုင်သည့် ဗျူရိုကရေစီယန္တရားနှင့် အဂတိလိုက်စားမှုတို့ကိုလည်း ထည့်သွင်းစဉ်းစားသွားရန်လိုအပ်သည်။ ဗီယက်နမ်နိုင်ငံအာဏာပိုင်များအနေဖြင့် အဆိုပါပြဿနာများကို အလေးထားကိုင်တွယ်ဖြေရှင်းခြင်းမရှိလျှင် အနာဂတ်နျူကလီးယားစွမ်းအင်စီမံကိန်းများသည် ဟန္နိုင်းမြို့နှင့် ဟိုချီမင်းမြို့တို့၌ မြေအောက်မီးရထားလမ်းဖောက်လုပ်ရာတွင် ကြန့်ကြာမှုများဖြစ်သကဲ့သို့ အလားတူအခက်အခဲများကို ရင်ဆိုင်သွားရဖွယ်ရှိနေသည်။

အချုပ်ဆိုရလျှင် နျူကလီးယားစွမ်းအင်စက်ရုံတည်ဆောက်ခြင်းသည် ရောမမြို့ကြီးကို တည်ဆောက်သကဲ့သို့ တစ်နေ့တည်းဖြင့် တည်ဆောက်ပြီးစီးနိုင်မည် မဟုတ်ချေ။ ဗီယက်နမ်ကွန်မြူနစ်ပါတီ (CPV) ထိပ်တန်းခေါင်းဆောင်များက ဗီယက်နမ်နိုင်ငံသည် အနာဂတ်စွမ်းအင်လိုအပ်ချက် ဖြည့်ဆည်းနိုင်ရေး နျူကလီးယားစွမ်းအင် ပိုင်ဆိုင်ရမည်ဖြစ်ကြောင်း အခိုင်အမာကြေညာထားသောကြောင့် အစိုးရအဖွဲ့အဆင့်အတန်းအားလုံးအနေဖြင့် ရည်မှန်းချက်အောင်မြင်ရေး အလေးထားလုပ်ဆောင်သွားရန် လိုအပ်ပေသည်။

**ကိုးကား**

– **Vietnam's Reborn Nuclear Energy Ambitions: Challenges and Prospects by the Diplomat.**

**ဝင်းဇင်(သုတေသန)**

# ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် နှမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



ဘုတလင် ဖေဖော်ဝါရီ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် နှမ်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၃၉၀၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပြီး တစ်ဧကလျှင် ၁၂ ဒသမ ၂၉ တင်းထွက်ရှိကြောင်း သိရသည်။

"ဘုတလင်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆောင်းနှမ်း ၁၃၉၀၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိအချိန်မှာတော့ အဲဒီစိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်း ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်း ပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှု အနေနဲ့ တစ်နှစ်ထက် တစ်နှစ် ပိုမိုတိုးတက်လာပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိတယ်" ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့ စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးဆီဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးလာမည် ဖြစ်သောကြောင့် နှမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။ (၂၀၆)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငါးကြင်း ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ကျိုက်လတ် ဖေဖော်ဝါရီ ၁၅

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငါးကြင်း ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်ခိုင်ခိုင်မော်က ပြောပြသည်။



ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်းက ငါးကြင်း ပိဿာချိန် ၅၇၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ ငါးကြင်း ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးကြင်းများကို ရန်ကုန် ဈေးကွက်မှ ဝယ်လိုအားကောင်း လာခြင်းကြောင့် တင်ပို့အားတက် ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချတဲ့ ငါးကြင်းတွေက လတ်ဆတ်ပြီး အရည်အသွေး ကောင်းပါတယ်။ ရန်ကုန် ဈေးကွက်က ငါးကြင်းတွေကို ပြီးခဲ့တဲ့ ဇန်နဝါရီလ ပထမပတ်ထဲက စတင်အရောင်းအဝယ် ကောင်းခဲ့တာဖြစ်ပါတယ်" ဟု ကျိုက်လတ်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခိုင်ခိုင်မော်က ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ထွက်ရှိသည့်ရေထွက်ကုန်များကို ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင်များက ဝယ်ယူကာ ရန်ကုန် ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ငါးကြင်း တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါရန်ကုန် ဈေးကွက်မှ တစ်ဆင့် အခြားဒေသများသို့ ဆက်လက်တင်ပို့ရောင်းချနေကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခိုင်ခိုင်မော်ထံမှ သိရသည်။ ကျော်ကျော်လင်း

# ပွင့်ဖြူမြို့နယ်၌ လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှုအခြေခံသင်တန်း ဖွင့်လှစ်ပို့ချ

ပွင့်ဖြူ ဖေဖော်ဝါရီ ၁၅

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် အမှတ်(၄၆)စက်မှု လယ်ယာစခန်းက ပွင့်ဖြူမြို့နယ်၌ ဖွင့်လှစ်သည့် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းက အဆိုပါမြို့နယ် စက်မှုလယ်ယာစခန်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလင်းလင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ပွင့်ဖြူမြို့နယ် စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးမင်းထွေးက သင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူး များ၊ သင်တန်းတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒေသတွင်း လယ်ယာသီးနှံ စိုက်ပျိုးစွမ်းအား တိုးတက် မြင့်မားရေးအတွက် တောင်သူအကျိုးပြု လယ်ယာသုံးစက်ကိရိယာ မောင်းနှင် ထိန်းသိမ်းမှုသင်တန်း ဖွင့်လှစ် သင်ကြားပေးမှုအပေါ် သင်တန်း ကိုယ်စားလှယ်တစ်ဦးက ကျေးဇူး တင်စကား ပြန်လည်ပြောကြားပြီး တာဝန်ရှိသူများက သင်တန်း အတွက် အထောက်အကူပြုပစ္စည်း များကို ပေးအပ်ခဲ့သည်။

လယ်ယာသုံးစက်ကိရိယာများ ရေရှည်တည်တံ့ကောင်းမွန်စေရန် စနစ်တကျ ကိုင်တွယ်မောင်းနှင် ထိန်းသိမ်းနည်းပညာနှင့် စက်ကိရိယာများချို့ယွင်းပါက ပြုပြင်ဆောင်ရွက်ရမည့် နည်းစနစ်များ၊ လယ်ယာသုံး စက်ကိရိယာဖြင့် သီးနှံများ စိုက်ပျိုးရာတွင် လိုက်နာရမည့် အချက်များကို စာတွေ့၊ လက်တွေ့ စနစ်တကျ ဖွင့်လှစ် သင်ကြားပေးသွားမည် ဖြစ်ကြောင်း အဆိုပါ လယ်ယာ သုံးစက်ကိရိယာ မောင်းနှင် ထိန်းသိမ်းမှု အခြေခံသင်တန်း ကို ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူ ဦးရေ ၂၀ တက်ရောက် သင်ကြားခဲ့ကြောင်း ပွင့်ဖြူမြို့နယ် စက်မှုလယ်ယာ ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးမင်းထွေးက ပြောပြ၍ သိရသည်။ ရဲဝင်းနိုင်(ညောင်ဦး)

# ဥတ္တရသီရိမြို့နယ် စည်ပင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

နေပြည်တော် ဖေဖော်ဝါရီ ၁၅

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနက စည်ပင်သာ ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ ကြောင်း သိရသည်။

ရှေးဦးစွာ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇာခြည်မွန်က စည်ပင်သာ ကျေးရွာရှိ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်း ရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များ၊ အသင်းသား၊ အသင်း သူများနှင့်တွေ့ဆုံကာ မြစိမ်းရောင် ကျေးရွာစီမံကိန်းမှ ရရှိလာ မည့် အကျိုးကျေးဇူးများ၊ မြစိမ်း ရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း စဉ်များအကြောင်း ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာ များ၊ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာ ရမည့် စည်းကမ်းသတ်မှတ်ချက် များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်း ရန်ပုံငွေကျပ် ၅၂ သန်းကို မြစိမ်း ရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ လွှဲပြောင်း ပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံ ဝန်ထမ်း၏ ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စည်ပင်သာ ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၆ ဦးကို ငွေကျပ် ၃၆ ဒသမ ၀၅ သန်း၊ မွေးမြူရေး လုပ်ငန်း လုပ်ကိုင်သူ ၃၇ ဦးကို ငွေကျပ် ၁၂ ဒသမ ၈၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင် သူ ခုနစ်ဦးကို ငွေကျပ် ၃ ဒသမ ၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၁၀ ထံ မြစိမ်း ရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ကျပ် ၅၂ သန်း ထုတ်ချေးပေးခဲ့ ကြောင်း သိရသည်။ ကိုညီ

# ပြင်ဦးလွင်မြို့နယ် ရွှေချောင်းကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း စစ်ဆေး

ပြင်ဦးလွင် ဖေဖော်ဝါရီ ၁၅

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုး တက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေအသုံးပြု၍ ရွှေချောင်း ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေ များကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် ပြင်ဦးလွင်ခရိုင် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာညို၊ ပြင်ဦးလွင်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထိုက်နှင့် တာဝန်ရှိသူများက ရွှေချောင်း ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေ များကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတွင်း လမ်းကို ရေရှည်တည်တံ့အောင် ထိန်းသိမ်း စောင့်ရှောက်ကြရန်၊ အကျိုးရှိစွာ အသုံးပြုကြရန် ဆွေးနွေးမှာကြားသည်။

ရွှေချောင်းကျေးရွာ၌ လမ်း အရှည် ၅၀၀ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာ တွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံ ငွေကျပ်သိန်း ၁၅၀၊ ပြည်သူ ထည့်ဝင်ငွေကျပ်သိန်း ၃၀ စုစု ပေါင်း ငွေကျပ်သိန်း ၁၈၀ အသုံးပြု၍ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ် ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄ ခုနှစ် ဩဂုတ်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း ပြင်ဦးလွင်ခရိုင် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာညို ထံမှ သိရသည်။ မင်းမြင့်မိုရ်

# ဩစတြေးလျနိုင်ငံ ပီလ်ဘာရာနယ်မြေတွင် ဇီလီယာဆိုင်ကလုန်းမုန်တိုင်းကြောင့် ပိတ်ထားရသောဆိပ်ကမ်းနှစ်ခုကို ပြန်လည်ဖွင့်လှစ်



**ကင်ဘာရာ ဖေဖော်ဝါရီ ၁၅**

ဩစတြေးလျနိုင်ငံ အနောက်ဩစတြေးလျပြည်နယ် ပီလ်ဘာရာနယ်မြေတွင် ဇီလီယာဆိုင်ကလုန်းမုန်တိုင်းကြောင့် ပိတ်ထားရသော အဓိက ဆိပ်ကမ်းနှစ်ခုကို မုန်တိုင်းအခြေအနေ တည်ငြိမ်သွားပြီဖြစ်သည့်အတွက် ဖေဖော်ဝါရီ ၁၄ ရက်က ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း အနောက်ဩစတြေးလျပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေနံနှင့်သဘာဝဓာတ်ငွေ့များကို ရေကြောင်းကုန်သွယ်မှု အဓိက ပြုလုပ်နေသော ဆိပ်ကမ်းများဖြစ်သည့်အတွက် ဆိပ်ကမ်းများကို ယာယီပိတ်ထားရခြင်းမှာ စွမ်းအင်ကဏ္ဍကို ထိခိုက်စေနိုင်ကြောင်း၊ သို့သော်လည်း ဆိပ်ကမ်းများကို ပြန်လည် ဖွင့်လှစ်လိုက်ပြီဖြစ်သည့်အတွက် ပုံမှန်အတိုင်း ရေကြောင်းကုန်သွယ်မှုများပြုလုပ်နိုင်ပြီဖြစ်ကြောင်း အနောက်ဩစတြေးလျပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ဇီလီယာဆိုင်ကလုန်းမုန်တိုင်းကြောင့် ပိတ်ထားရတဲ့ ဆိပ်ကမ်းနှစ်ခုကို ဖေဖော်ဝါရီ ၁၄ ရက်က စတင်ပြီးတော့ ပြန်လည်ဖွင့်လှစ်ပေးလိုက်ပြီဖြစ်ပါတယ်။ ဇီလီယာဆိုင်ကလုန်း မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုတွေ ရှိခဲ့ပါတယ်။ ဒါပေမဲ့ ကြီးကြီးမားမားမဟုတ်တဲ့အတွက် လိုအပ်တဲ့စစ်ဆေးမှုတွေ ပြုလုပ်ပြီးတော့ ဆိပ်ကမ်းကို ပြန်လည် ဖွင့်လှစ်ပေးလိုက်တာဖြစ်ပါတယ်"ဟု အနောက်ဩစတြေးလျပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဇီလီယာဆိုင်ကလုန်းမုန်တိုင်းကြောင့် လေတိုက်နှုန်းမှာတစ်နာရီလျှင် ကီလိုမီတာ ၂၉၀ နှုန်းထိ ရောက်ရှိခဲ့ပြီး သစ်ပင်ကြီးတချို့ လဲကျမှုဖြစ်ပေါ်ကာ ဓာတ်တိုင်တချို့လည်းလဲကျခဲ့သဖြင့် လျှပ်စစ်မီး ပြတ်တောက်မှုများလည်း ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

# စပိန်နိုင်ငံ ကတ္တလိုနီးယားနယ်မြေတွင် မိုးခေါင်မှုကြောင့် စပျစ်စိုက်ခင်းများပျက်စီး

**မက်ဒရစ် ဖေဖော်ဝါရီ ၁၅**

စပိန်နိုင်ငံ ကတ္တလိုနီးယားနယ်မြေတွင် မိုးခေါင်မှုကြောင့် စပျစ်စိုက်ခင်းများ ပျက်စီးခဲ့ကြောင်း ကတ္တလိုနီးယားနယ်မြေ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

စပိန်နိုင်ငံ ကတ္တလိုနီးယားနယ်မြေတွင် မိုးခေါင်မှုကြောင့် စပျစ်စိုက်ခင်းများ ပျက်စီးသွားခဲ့ပြီး ဝိုင်ထုတ်လုပ်မှုနှုန်းကို ကျဆင်းစေသည့်အတွက် စပျစ်စိုက်ပျိုးမှုဖြင့် မျိုးရိုးအစဉ်အဆက် အသက်မွေးဝမ်းကျောင်းပြုနေသူများ အခက်တွေ့နေသကဲ့သို့ စပျစ်စိုက်ခင်းများပေါ်အားထားနေရသည့် စပျစ်ဝိုင်ထုတ်လုပ်သူများအနေဖြင့်လည်း ပုံမှန်အတိုင်း ထုတ်လုပ်နိုင်ခြင်းမရှိသည့်အခြေအနေဖြင့် ရင်ဆိုင်နေရကြောင်း၊ ကာဗာနယ်မြေ၌လည်း မိုးခေါင်မှုကြောင့် စပျစ်စိုက်ခင်းများ ပျက်စီးမှုမြင့်မားလာခဲ့ကြောင်း သိရသည်။

"မိုးခေါင်မှုပြဿနာရဲ့ ရိုက်ခတ်မှုကြောင့် ကတ္တလိုနီးယားနယ်မြေ အပါအဝင် နယ်မြေတော်တော်များများ အခက်အခဲတွေနဲ့ရင်ဆိုင်ခဲ့ရတယ်။ စိုက်ပျိုးရေးနဲ့မွေးမြူရေးလုပ်ငန်းတွေလဲ တော်တော်လေး အခက်တွေ့ခဲ့ရတယ်။ အထူးသဖြင့် စပျစ်စိုက်ခင်းတွေ ပျက်စီးခဲ့ပြီးတော့ စပျစ်စိုက်ခင်းတွေကို မှီခိုအားထားနေရတဲ့ ဝိုင်ထုတ်လုပ်မှုလုပ်ငန်းတွေ အခက်တွေ့လာတယ်။ စပျစ်အထွက်နှုန်းက ၅၀ ရာခိုင်နှုန်းလောက်ထိ ကျဆင်းသွားခဲ့တဲ့အတွက် စပျစ်ဝိုင်ထုတ်လုပ်မှုနှုန်း ကျဆင်းခဲ့ရတယ်။ မိုးခေါင်တဲ့ပြဿနာကို ဖြေရှင်းနိုင်မှပဲ စပျစ်ဝိုင်ထုတ်လုပ်မှုကို ပုံမှန်အတိုင်း ဆက်လက်လည်ပတ်နိုင်တော့မှာဖြစ်ပါတယ်"ဟု စပိန်နိုင်ငံဝိုင်ထုတ်လုပ်မှုလုပ်ငန်းကို မျိုးရိုးစဉ်ဆက်လုပ်ကိုင်ဆောင်ရွက်လာခဲ့သူ ပီနီလာက ပြောကြားခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

## လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်လွင့်ပါက အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။



၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းများအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။



# အမေရိကန်နိုင်ငံ မာလီဘူဒေသတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားပြီး မြေပြိုကျမှုများဖြစ်ပေါ်နေ

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၅**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်ကောင်တီရှိ မာလီဘူဒေသတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှု ဖြစ်ပွားကာ မြေပြိုကျမှုများ ဖြစ်ပေါ်နေကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မကြာသေးမီက တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်ခဲ့သော နေရာများတွင် မြေပြိုကျမှုများ ဖြစ်ပေါ်နေခြင်းဖြစ်ပြီး မြေပြိုကျမှုကြောင့် မော်တော်ယာဉ်တချို့ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ မာလီဘူဒေသတွင် ဖေဖော်ဝါရီ ၁၂ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ဖေဖော်ဝါရီ ၁၄ ရက်တွင် မြေပြိုကျမှုများ စတင်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုကြောင့် Pacific Coast Highway လမ်းမကြီးကိုယာယီပိတ်ထားရပြီး ကယ်ဆယ်ရေးဝန်ထမ်းများက ဒေသခံများ၏ အသက်အန္တရာယ်မထိခိုက်စေရေးအတွက် ဦးစားပေးဆောင်ရွက်နေကြောင်း သိရသည်။



"မာလီဘူမှာ ရေကြီးရေလျှံမှုအပြင် မြေပြိုကျမှုတွေ ဖြစ်ပေါ်နေပါတယ်။ မော်တော်ယာဉ်တချို့ ပိတ်မိနေပြီးတော့ ဒေသခံတချို့ကိုလဲ အရေးပေါ်ကယ်ထုတ်ပေးခဲ့ရပါတယ်။ မကြာသေးမီကလဲ တောမီးကူးစက် လောင်ကျွမ်းမှုကြောင့် လော့စ်အိန်ဂျလိစ် ကောင်တီမှာ ဒေသခံ ၂၉ ယောက် သေဆုံးခဲ့သလို အဆောက်အအုံပေါင်း ၁၆၀၀၀ ကျော်ထိ ပျက်စီးခဲ့ရတယ်။ အခုတစ်ဖန် ရေကြီးရေလျှံမှု၊ မြေပြိုမှုပြဿနာနဲ့ ရင်ဆိုင်နေရပြီး ဒေသခံတွေ အန္တရာယ်ကင်းဖို့အတွက် ဦးစားပေးဆောင်ရွက်ပေးနေပါတယ်"ဟု ကယ်လီဖိုးနီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**

# အီသီယိုးပီးယားနိုင်ငံတွင် ပြင်းအား ၆ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွား

**အဒစ်အဘာဘာ ဖေဖော်ဝါရီ ၁၅**

အီသီယိုးပီးယားနိုင်ငံတွင် ဖေဖော်ဝါရီ ၁၄ ရက်က ပြင်းအား ၆ မဂ္ဂနီကျူရှိသည့် ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း European Mediterranean Seismological Centre(EMSC)က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အီသီယိုးပီးယားနိုင်ငံ၏ လူနေထူထပ်မှုအများဆုံးသောဒေသဖြစ်သည့် အိုရိုမီယာနယ်မြေတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး မြေအောက်အနက် ၁၀ ကီလိုမီတာအကွာမှ ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှု အခြေအနေကို မသိရသေးဘဲ အီသီယိုးပီးယားကယ်ဆယ်ရေးဝန်ထမ်းများ ငလျင်လှိုင်းရိုက်ခတ်ခဲ့သော ဧရိယာများသို့ သွားရောက်စစ်ဆေးမှုများ ပြုလုပ်နေကြောင်း အိုရိုမီယာနယ်မြေ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"အီသီယိုးပီးယားနိုင်ငံ အိုရိုမီယာနယ်မြေမှာ ပြင်းအား ၆ မဂ္ဂနီကျူရှိတဲ့ ငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့ပါတယ်။ ငလျင်ဟာ မြေအောက်အနက် ၁၀ ကီလိုမီတာအကွာကနေ ဗဟိုပြုလှုပ်ခတ်ခဲ့တာဖြစ်ပါတယ်။ ငလျင်နောက်ဆက်တွဲ ဆူနာမီလှိုင်းဖြစ်ပေါ်လာနိုင်ခြေ မရှိပါဘူး"ဟု European Mediterranean Seismological Centre (EMSC) မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

အိုရိုမီယာနယ်မြေ မီးတောင်သည်လည်း ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှစတင်၍ အသေးစားငလျင်အကြိမ်ကြိမ် လှုပ်ခတ်ခဲ့ခြင်းကြောင့် မီးတောင်ပေါက်ကွဲမည့် လက္ခဏာများလည်း ပြသလျက်ရှိကြောင်း အိုရိုမီယာနယ်မြေ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး
စာပေကဏ္ဍ

## ပုစဉ်းထိုးငှက်နှင့် ရွှေပုစွန်လုံး

တူလေး၊ တူမလေးတို့ကို ဒီတစ်ပတ် ဦးဦးပြောပြမဲ့ပုံပြင်လေးရဲ့အမည်က ပုစဉ်းထိုးငှက်နဲ့ ရွှေပုစွန်လုံးတဲ့ကွယ်။

ဟိုးရှေးရှေးတုန်းက တောအုပ်ကြီးတစ်ခုရဲ့အလယ်မှာ စမ်းချောင်းလေးတစ်ခု၊ ဘေးနားမှာ မြင့်မားတဲ့တောင်ကမ်းပါးတစ်ခုရှိသတဲ့။ စမ်းချောင်းလေးထဲမှာ ငါးတွေ၊ ပုစွန်တွေရှိကြသလို စမ်းချောင်းလေးရဲ့အစပ်မှာ ရွှေပုစွန်လုံးတစ်ကောင်လဲ နေထိုင်သတဲ့ကွယ်။ မလှမ်းမကမ်းမှာရှိတဲ့ တောင်ကမ်းပါးမှာတော့ ပုစဉ်းထိုးငှက်ကလေးတွေ မြေကျင်းတူးပြီး နေထိုင်ကြသတဲ့။ ငှက်ကလေးတွေဟာ ဝေဟင်မှာဝဲပျံလိုက်၊ ရေပေါ်မှာယှက်ပြီးပျံလိုက်နဲ့ တစ်ကောင်နဲ့တစ်ကောင် မြူးထူးပျော်ပါးနေကြတာပေါ့ကွယ်။

အဲဒီထဲမှာ စူးစမ်းတတ်တဲ့ပုစဉ်းထိုးငှက်ကလေးတစ်ကောင်ဟာ ပျံဝဲနေရာကနေ ရွှေပုစွန်လုံးကြီးကို မြင်သွားပါလေရော။ ဒါနဲ့ သူလဲစကားသွားပြောဖို့ ဆုံးဖြတ်လိုက်တယ်။ ရွှေပုစွန်လုံးကြီးက ကျင်းဝမှာ ကျစ်စာမြေတွေကို ကန်ထုတ်ရင်း ဝင်လိုက်ထွက်လိုက် အလုပ်ရှုပ်နေသတဲ့။ အဲဒါနဲ့ ငှက်ကလေးက မိတ်ဆွေဖွဲ့ရင်း "ပုစွန်လုံးကြီး ဘာတွေလုပ်နေတာလဲ"လို့ သွားမေးလိုက်သတဲ့။ ဒီအခါ ရွှေပုစွန်လုံးကြီးက အလုပ်ရှုပ်နေလို့ ပြန်မဖြေဘူးတဲ့ကွယ်။ ဒါနဲ့ ငှက်ကလေးက "ပုစွန်လုံးကြီးရဲ့ လက်မကြီးတွေက အတော်သန်မာမှာပဲနော်"လို့ ဆက်ပြောလိုက်ပြန်တာပေါ့။ ဒီတစ်ခါမှာတော့ ရွှေပုစွန်လုံးကြီးက အလွန်သဘောကျသွားပြီး "အေးကွ ငါ့လက်မကြီးတွေက သန်မာရုံတင်မဟုတ်ဘူး။ အလွန်ထက်မြက်တာကွ" လို့ ပြန်ဖြေလိုက်သတဲ့။

ဒီလိုနဲ့ သူတို့နှစ်ကောင်ဟာ မိတ်ဆွေတွေဖြစ်သွားကြတာပေါ့ကွယ်။ တစ်နေ့မှာတော့ စမ်းချောင်းလေးရဲ့အထက်ဘက်မှာ ငါးတွေ၊ ပုစွန်တွေကို လိုက်ဖမ်းနေတဲ့ လူတစ်စုရောက်လာကြပြီး ပုစွန်လုံးကျင်းတွေကိုလဲ လိုက်နှိုက်ကြသတဲ့။ ဒါတွေကို ဝေဟင်မှာပျံနေတဲ့ ပုစဉ်းထိုးငှက်ကလေး မြင်လိုက်ရတယ်ဆိုရင်ပဲ သူ့မိတ်ဆွေရွှေပုစွန်လုံးကြီးအတွက် စိတ်ပူသွားသတဲ့။ ဒါနဲ့ ရွှေပုစွန်လုံးကြီးဆီကို ချက်ချင်းသွားပြီး အကျိုးအကြောင်းပြောပြကာ တိုင်ပင်ဆွေးနွေးကြတာပေါ့။ နောက်တော့ ပုစွန်လုံးနှိုက်တဲ့လူတွေဟာ သူတို့ရှိတဲ့နေရာအနားကို ရောက်လာကြသတဲ့။

သူတို့လဲကြံရာမရဖြစ်ပြီး ပုစဉ်းထိုးငှက်ကလေးက ရွှေပုစွန်လုံးကြီးကို နှုတ်သီးနဲ့ကိုက်ချီဖို့ ကြိုးစားပေမဲ့ ခဏခဏပြုတ်ကျသတဲ့ကွယ်။ ပုစွန်လုံးနှိုက်သူတွေက လဲပိုပြီးနီးလာပြီ။ နောက်တော့ ရွှေပုစွန်လုံးကြီးရဲ့လက်မနဲ့ သူ့ကိုခပ်ဖွဖွညှပ်စေပြီး အားကုန်ပျံသန်းလိုက်မှပဲ ရွှေပုစွန်လုံးကြီး ပါလာပါတော့သတဲ့။ ပုစဉ်းထိုးငှက်ကလေးရဲ့ကူညီမှုကြောင့် ရွှေပုစွန်လုံးကြီး အသက်ဘေးကနေ လွတ်မြောက်သွားရတာပေါ့။



အသက်ဘေးက လွတ်မြောက်သွားတော့ ရွှေပုစွန်လုံးကြီးဟာ ကျေးဇူးတင်စကား အထပ်ထပ်ပြောနေသတဲ့။ "မိတ်ဆွေတွေဆိုတာ ဒီလိုပါပဲ"လို့ပြောပြီး ပုစဉ်းထိုးငှက်ကလေး ပြန်သွားသတဲ့ကွယ်။

သူတို့နှစ်ယောက်ခင်မင်နေကြတာကို အခြားမိသားစုဝင် ပုစဉ်းထိုးငှက်တွေသိသွားတော့ ရွှေပုစွန်လုံးကြီးနဲ့ အပေါင်းအသင်းမလုပ်ဖို့ သူ့ကိုဝိုင်းပြောကြသတဲ့။ ဒီလိုနဲ့ ပုစဉ်းထိုးငှက်ကလေးဟာ ရွှေပုစွန်လုံးကြီးဆီကို မသွားဖြစ်တော့ဘူးတဲ့ကွယ်။ ရွှေပုစွန်လုံးကြီးက သူ့မိတ်ဆွေလေးကို မျှော်နေရှာတာပေါ့ကွယ်။

ဒီလိုနဲ့ ရက်အနည်းငယ်ကြာတော့ ပုစဉ်းထိုးငှက်ကလေးတွေမှာ ပြဿနာတစ်ခုပေါ်လာပါလေရော။ ပြဿနာက ညညဆိုရင် သူတို့နေတဲ့ကျင်းထဲကို မြွေတစ်ကောင်ရောက်လာပြီး သူတို့ရဲ့ဥတွေ၊ အကောင်ပေါက်လေးတွေကို လာရောက်စားသောက်လေ့ရှိသတဲ့။ သူတို့မှာလဲ မြွေလာမှာကြောက်ပြီး ပြေးကြရတာပေါ့။ ငှက်ကလေးတွေဟာ အခြားအန္တရာယ်ကင်းတဲ့နေရာတစ်ခုကို ပြောင်းရွှေ့ကြဖို့ ပြင်ဆင်နေကြတာပေါ့ကွယ်။ ဒီလိုပြောင်းရွှေ့ဖို့ ပြင်ဆင်နေရင်း တစ်နေ့မှာတော့ ပုစဉ်းထိုးငှက်ကလေးဟာ ညှိုးငယ်တဲ့မျက်နှာနဲ့ သူထွက်မသွားခင် မိတ်ဆွေရွှေပုစွန်လုံးကြီးဆီကို နှုတ်ဆက်ဖို့ရောက်လာခဲ့သတဲ့။ အကြောင်းစုံကို ပြောပြလိုက်တော့ ရွှေပုစွန်လုံးကြီးက သူ့အသက်နဲ့ရင်းပြီးကူညီလိုကြောင်း၊ ကူညီခွင့်ပေးလိုကြောင်း စကားဆိုလာသတဲ့။ ဒါနဲ့ ပုစဉ်းထိုးငှက်ကလေးဟာ ရွှေပုစွန်လုံးကြီးကို သူ့အသိုက်ကျင်းဆီခေါ်ဆောင်သွားတာပေါ့ကွယ်။ အခြားပုစဉ်းထိုးငှက်တွေကတော့ စိတ်သောကရောက်နေကြလို့ ရွှေပုစွန်လုံးကြီးကို အရေးမစိုက်အားကြဘူးတဲ့ကွယ်။

ဒီလိုနဲ့ညရောက်တော့ ပုစဉ်းထိုးငှက်ကလေးက ကျင်းနှုတ်ခမ်းဝမှာ မြွေအလာကို မျှားခေါ်ပေးဖို့ တာဝန်ယူလိုက်သတဲ့။ ရွှေပုစွန်လုံးကြီးကတော့ ကျင်းထဲကထောင့်တစ်နေရာမှာ အသင့်အနေအထားနဲ့စောင့်နေလေရဲ့။ ခဏကြာတော့ ငှက်ဥတွေစားဖို့ မြွေရောက်လာသတဲ့။ ပုစဉ်းထိုးငှက်ကလေးလဲ မြွေရောက်လာတာနဲ့တစ်ပြိုင်နက် အသံစူးစူးအော်မြည်ပြီးထပျံသွားသတဲ့။ အခြားငှက်တွေလဲ ရန်သူလာပြီဆိုတာ သိလိုက်ကြတာပေါ့ကွယ်။ မြွေဟာ ပုစဉ်းထိုးငှက်ကလေးပျံသွားတဲ့ ကျင်းထဲကိုဆိုက်ဆိုက်မြိုက်မြိုက်ဝင်ရောက်သွားသတဲ့။ အထဲရောက်တော့ ငှက်ဥတစ်လုံးကို စားဖို့ဟန်ပြင်လိုက်တယ်ဆိုရင်ပဲ အသင့်စောင့်နေတဲ့ ရွှေပုစွန်လုံးကြီးကလက်မကြီးနဲ့ လှမ်းညှပ်လိုက်ပါသတဲ့။ မြွေလဲအထိတ်တလန့်ဖြစ်ပြီး တွန့်လိမ်သွားတာပေါ့။ ရွှေပုစွန်လုံးကြီးက မြွေရဲ့လည်ပင်းကိုလက်မကြီးနဲ့ အားကုန်ထုတ်ပြီးညှပ်ပစ်လိုက်သတဲ့။ မြွေရဲ့လည်ပင်းလဲ ပြတ်ထွက်သွားတော့တာပေါ့ကွယ်။ နောက်နေ့မနက်မှာ ခေါင်းပြတ်ပြီးသေဆုံးနေတဲ့ မြွေနဲ့ရွှေပုစွန်လုံးကြီးကို ပုစဉ်းထိုးငှက်တွေ တွေ့လိုက်ကြရပြီး အကြောင်းစုံကိုသိရတော့ ငှက်အားလုံးက ရွှေပုစွန်လုံးကြီးကို ကျေးဇူးတင်ကြတာပေါ့။ "မိတ်ဆွေတွေဆိုတာ ဒီလိုပါပဲ"လို့ပြောပြီး ရွှေပုစွန်လုံးကြီးလဲ ပြန်သွားသတဲ့။

အဲဒီအချိန်ကစပြီး ပုစဉ်းထိုးငှက်ကလေးနဲ့ ရွှေပုစွန်လုံးကြီးတို့ဟာ ချစ်ချစ်ခင်ခင်နဲ့ မိတ်ဆွေတွေအဖြစ် အသက်ထက်ဆုံးနေသွားကြသတဲ့ကွယ်။ ပုံပြင်လေးကတော့ ဒါပါပဲကလေးတို့ရေ။ ဒီပုံပြင်လေးကိုနားထောင်ပြီး တူလေး၊ တူမလေးတို့လဲ မိတ်ဆွေကောင်းတွေကို ရှာဖွေပေါင်းသင်းတတ်ရမယ်နော်။ အများအကျိုးဆောင် ကိုယ့်အကျိုးအောင်ဆိုတဲ့အတိုင်း မိမိကလဲ သူတစ်ပါးအပေါ်မှာ စေတနာထားပြီး ကူညီရိုင်းပင်းတတ်မှ ကလေးတို့ရဲ့အကျိုးကိုလိုလားတဲ့ ဆရာကောင်း၊ မိဘကောင်း၊ မိတ်ကောင်းဆွေကောင်းတွေ ရရှိလာမှာပဲဖြစ်ပါတယ်။ ကူညီရိုင်းပင်းတတ်တဲ့ ကလေးလေးတွေဖြစ်ကြပါစေကွယ်။

**ဆလိုင်းသန်းဇော်ဝင်း**

## မုန့်ဖိုးလေးတွေ စုမယ်

♦ တန်ဖိုးရှိသော စုဘူးလေး
ဗီးကွက် စုဘူးလေး။

♦ ငွေရောင်ကိုရွေး သားသားဝယ်
ပိုက်ဆံ စုပါမယ်။

♦ မုန့်ဖိုးများရယ် မသုံးဘဲ
နေ့စဉ် စုဆောင်းမြဲ။

♦ ငွေဗီးကွက်ထဲ ပြည့်ဖို့လေ
သားသားကြိုးစားနေ။

♦ ဖေဖေမေမေ ဝမ်းသာလှ
သားသားပျော်တယ်ဗျ။ ။

**ရွှေမြိုင်သူ(မြန်မာစာ)**



## စာဖတ်ပါ

♦ စာအုပ်စာပေ ရတနာ
ဖွေရှာဖတ်ရှုပါ။

♦ စာပေဖတ်မှ ဉာဏ်ထွန်းပ
သုတရသရ။

♦ ကောင်းဆိုနှစ်ဝ သိမြင်အောင်
မြတ်ပညာ ဦးဆောင်။

♦ ဆောင်ရန် ရှောင်ရန် ခွဲခြားသိ
ဘဝအောင်မြင်၏။ ။

**ကန်မြဲ ချစ်မင်းဝေ**



ယနေ့ခေတ်အချိန်အခါကောင်းအခွင့်အရေးများကို အမိအရအသုံးချ၍ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းရှင်ကြီးဖြစ်ချင်ပါသလား။

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်းနဲ့လက်တွဲ၍ အသင်းဝင်လိုက်ပါ။

**အသင်းဝင်ရန်လိုအပ်မှု**

- ပတ်စပို့ (၃)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ (၂)စောင်၊
- အိမ်ထောင်စုလူဦးရေစာရင်း မိတ္တူ (၁)စောင်
- အသင်းဝင်ကြေး (90000 MMK)

တစ်နေ့တည်း အသင်းဝင်မှုပြီးစီးပြီး Gold Smart Card ရရှိပါမည်။

**သင်တန်းအခမ်းအနားဖိတ်ကြားလွှာ**

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(မန္တလေးတိုင်းဒေသကြီး) Myanmar Real Estate Services Association(Mandalay Region) **ဥက္ကဋ္ဌကြီး ဦးခင်မောင်သန်း** ဦးစီးသော မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)မှ ကြီးမှူးကျင်းပသော Professional အိမ်ခြံမြေအခြေခံပညာသင်တန်းနှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာအသိပညာပေး(AML/CFT)ဆွေးနွေးပွဲကျင်းပမည်ဖြစ်ပါ၍ တက်ရောက်နိုင်ပါကြောင်း လေးစားစွာဖိတ်ကြားအပ်ပါသည်။

- သင်တန်း ၂ ရက်စာအတွက် အစားအသောက်စီစဉ်ထားပါသည်။
- သင်တန်းကြေး (50000MMK)
- သင်တန်းတက်ရောက်စာရင်းပေးသွင်းရန် မန္တလေးတိုင်း အိမ်ခြံမြေဝန်ဆောင်မှုအသင်းရုံးဖုန်း 09-799628872 သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းတက်ရောက်နိုင်ပါသည်။
- ငွေပေးသွင်းရန် Kpay နံပါတ်မှာ 09-420772102 Daw Win Htay တစ်ခုတည်းသာ အသုံးပြုပါသည်။
- စာရင်းပေးသွင်းရန်အချိန်မှာ ၁၆-၂-၂၀၂၅ ညနေ (၅:၀၀)အထိသာ။
- မည်သူမဆိုတက်ရောက်နိုင်ပြီး သက်ဆိုင်ရာအသင်းများ၏ (ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာသင်တန်း)တက်ရောက်ပြီးကြောင်း Certificate ရရှိမည်ဖြစ်ပါသည်။
- သင်တန်းတက်ရောက်မည့်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ် (သို့) ယာဉ်မောင်းလိုင်စင် (သို့) ဝန်ထမ်းကတ် (သို့) သက်ဆိုင်ရာ အသင်းဝင်ကတ်တစ်ခုခုပါရှိရပါမည်။

**ကျင်းပမည့် နေ့ရက်၊ အချိန်**

- (၁၈-၂-၂၀၂၅)ရက်နေ့ နံနက်(၉:၀၀)နာရီမှ ညနေ (၄:၀၀)နာရီထိ။(ငွေကြေးခဝါချမှုသင်တန်း)
- (၁၉-၂-၂၀၂၅)ရက်နေ့ နံနက်(၉:၀၀)နာရီမှ ညနေ (၄:၀၀)နာရီထိ။(အိမ်ခြံမြေသင်တန်း)

**ကျင်းပမည့်နေရာ**

- (မြို့တော်ခန်းမ)(71 x 26-B)လမ်းထောင့်၊ စည်ပင်သာယာရုံး၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

## မီးလောင်နေစဉ်တွင်ရှောင်ရှားသင့်သည့် အချက်များ။

၁။ မီးလောင်နေသော အဆောက်အအုံ အတွင်းသို့ ပြန်လည် ဝင်ရောက်ခြင်း မပြုရ။



၂။ မီးလောင်နေစဉ်တွင် ဝင်လမ်း/ထွက်လမ်း ပိတ်ဆို့ခြင်း၊ လူစုခြင်း၊ လမ်းပေါ်တွင် ပစ္စည်းများချထားခြင်း မပြုလုပ်ရ။





၃။ အထပ်မြင့်တိုက်များတွင် မီးလောင်နေစဉ် ဓာတ်လှေကား စီးခြင်း ... 



## ကောလင်းခရိုင်တွင် မတ်ပဲကေ ၄၈၉၀ စိုက်ပျိုးပြီးစီး လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ကောလင်း ဖေဖော်ဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲကေ ၄၈၉၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၃၉၈၂ ကေ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကေ ၄၈၉၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ကောလင်းခရိုင်မှာ မတ်ပဲ ၃၉၈၂ ကေ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ကေ ၄၈၉၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲကို လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါ ကာကွယ်နည်းလမ်းတွေကို မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ကောလင်းခရိုင်တွင် မြို့နယ်အလိုက် မတ်ပဲစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၃၇၃၄ ကေ၊ ဝန်းသိုမြို့နယ်တွင် ၂၀၃ ကေ၊ ပင်လည်ဘူးမြို့နယ်တွင် ၉၅၃ ကေ စုစုပေါင်း ကေ ၄၈၉၀ ဖြစ်ကြောင်း၊ မတ်ပဲစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ကေ ၃၆၅၀၊ ဝန်းသိုမြို့နယ်တွင် ၁၀ ကေ၊ ပင်လည်ဘူးမြို့နယ်တွင် ၃၂၂ ကေ စုစုပေါင်း ၃၉၈၂ ကေဖြစ်ကြောင်း သိရသည်။

ကောလင်းခရိုင်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ကောလင်းခရိုင်တွင် မတ်ပဲသီးနှံများကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် တောင်သူများ အကျိုးစီးပွားပိုမိုဖြစ်ထွန်းလာနိုင်မည်ဖြစ်သောကြောင့် မတ်ပဲသီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။

(၂၀၆)

## ဝါးခယ်မမြို့နယ် ပိုက်တန်းကျေးရွာ၌ ကုန်ထုတ်လမ်းဂဝံကျောက်ခင်းနေမှု စစ်ဆေး

**ဝါးခယ်မ ဖေဖော်ဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပိုက်တန်းကျေးရွာ၌ ကုန်ထုတ်လမ်းဂဝံကျောက်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောင်းမြခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်သူကိုကို၊ ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဇော်ထက်နှင့် တာဝန်ရှိသူများက ပိုက်တန်းကျေးရွာ ကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကုမ္ပဏီတာဝန်ခံကို လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန်နှင့် ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာလမ်းကော်မတီထံ စနစ်တကျလွှဲပြောင်းအပ်နှံရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပိုက်တန်းကျေးရွာ၌ ကုန်ထုတ်လမ်း အရှည် ၁ ဒသမ ၇ ဖာလုံ၊ အကျယ် ၁၀ ပေ၊ အမြင့် ကိုးလက်မရှိ ဂဝံကျောက်ခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၁၂ ဒသမ ၆၈၂ သန်းဖြင့် Su Tint Htun ကုမ္ပဏီက တာဝန်ယူ၍ ၂၀၂၄ ခုနှစ် ဇူလိုင်တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ပိုက်တန်းကျေးရွာမှ ထွက်ရှိသည့် ဒေသထွက်ကုန်သီးနှံများကို ရာသီမရွေး အချိန်တိုအတွင်း ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း ဝါးခယ်မမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဇော်ထက်က ပြောပြ၍ သိရသည်။ **အိပိုးပိုး**

"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း"




နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၀၈၆၄၆

STARMART Nay Pyi Taw
ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၆၇၁၄၄၄၃၅၅၅

STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၆၆၁၀၇၀၂၂၄၄

# မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်
ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊
အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ ....

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍
ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊
ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား
ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၄၃၅၅၅

STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၀၇၀၂၂၄၄

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀




"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစီစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

# ဝန်ထမ်းအလိုရှိသည်

- Medical Detailer — Female (2) Post
- Sales Representative — Female (2) Post
- ကျန်းမာရေးကောင်းမွန်၍ ခရီးသွားလာနိုင်ရမည်။ ရိုးသားကြိုးစား၍ ကုမ္ပဏီနှင့် ရေရှည်လုပ်ကိုင်နိုင်ရမည်။ မန္တလေးမြို့ပေါ်နေထိုင်သူ ဦးစားပေးမည်။
- CV-Form၊ ကျောင်းထောက်ခံစာ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ။
- ယာဉ်မောင်းလိုင်စင်မိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ လိုင်စင်ဓာတ်ပုံ (၁)ပုံဖြင့် ကြော်ငြာပါပြီး တစ်ပတ်အတွင်း ရုံးသို့လာရောက်လျှောက်ထားနိုင်သည်။

Polygold ဆေးကုမ္ပဏီ

- အမှတ်(E-8)၊ 35-B လမ်း(60 x 61) လမ်းကြား၊ မန္တလေးမြို့။
- 09-964239926၊ 09-798675474၊ 09-798675475

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

COVID-19 ရောဂါပိုးကူးစက်မှုကို ကာကွယ်နိုင်ရန်နှင့် ကိုယ်ခံအားကောင်းမွန်နေစေရန် ဗီတာမင်စီ ပြည့်ဝစွာပါဝင်သည့် အသီးအနှံများကို စားသုံးသင့်သည်။ (လိမ္မော်၊ စတော်ဘယ်ရီ၊ ကီဝီ... စသည်)



COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငှက်ပျောသီးဖျော်ရည် ၄၀၀ မီလီလီတာခန့်ကို နေ့စဉ်ထမင်းစားပြီးတိုင်းသောက်သုံးပေးပါကအဆုတ်သန့်စင်စေရုံမျှမက အစာကိုလည်း ကြေညက်စေသည်။



❖ **ပိုမိုကောင်းမွန်သည့် လူ့အဖွဲ့အစည်းမှတစ်ဆင့် ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သည့်နိုင်ငံအဖြစ် ရပ်တည်နိုင်ရန် အတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍများတွင် ဟန်ချက် ညီညီဖွံ့ဖြိုးတိုးတက်နေရန်လိုအပ်...**

❖ **ပညာရေးသည် အခြေခံဖြစ်သဖြင့် အဓိကကျ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဧပြီ ၂၆ ရက်တွင် ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံသြဝါဒစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ၇၉ နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်ချီးမြှင့်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း MRTV DVB – T2 စနစ်ဖြင့် ရန်ကုန်၊ နေပြည်တော်(ပျဉ်းမနား)နှင့် စစ်ကိုင်း(မန္တလေး)တို့တွင် High Definition (HD) အရည်အသွေးဖြင့် ရုပ်သံလိုင်း ၁၂ လိုင်းထုတ်လွှင့်နေမှုမှ တစ်လိုင်းထပ်မံတိုးချဲ့၍ Mahar HD ရုပ်သံလိုင်း အသစ်ထုတ်လွှင့်မှုကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော မီဒီယာဌာနကြီးတစ်ခုဖြစ်သည့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ၇၉ နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားရုံးချုပ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ချီးမြှင့်ပြီး ဂုဏ်ပြုအမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများနှင့်တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစားဝန်ထမ်းများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ၊ မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံးတို့မှ **စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
SIN MINN
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ISO 9001 : 2015
CERTIFICATE NO.TH011875
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com

